www.dhammaransi.com

၁၁၀၅၉
www.dhammaransi.com

ဓဦကူမြို့

# တောင်ကတိုးဘုရားသမိုင်း

ပြုစုသူ
အသျှင်မင်္ဂလ
စီသာကျောင်း၊ ခင်မကန်တိုက်
အနောက်ပြင်၊ မန္တလေး။

ထက်နေလင်းပုံနှိပ်တိုက်၊ ပွဲကုန်း-မန္တလေး၊ (မြ-၀၁၂၂၀) ဖုံး-၇၁၇။

www.dhammaransi.com

,၂၇

၂၈၁.၄၅
မဥမ
၁၁၀၅၀

ထုတ်ဝေသူ - အသျှင်မင်္ဂလ
စိသာကျောင်း၊ ခင်မကန်တိုက်
အနောက်ပြင်၊ မန္တလေး။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၇၃၆)
ကင်းလွတ်ခွင့် အမှတ် (၁၁၂၉)

ပုံနှိပ်သူ .... ဦးဒွေး၊
တက်နေလင်း-ပုံနှိပ်တိုက်
၂၆-အာဇာနည်လမ်း၊ ပွဲကုန်း-မန္တလေး။
(မြ-၀၁၂၂၀) ဖုံး-၇၁၇

www.dhammaransi.com

# " နိဒါန်း "

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဓမိဿရ၊ ဓမ္မသာမိ၊ မုနိထွဋ်တင်၊ ဘုရားရှင်၏ မွေ့ရှင် ဓါတ်တော် သရီရတော်မြတ်၊ ကိုန်းပေါ်တင့်တယ် စမွယ်ရှင်ပြုံး သီတင်းသုံးသည့်၊ ကတုံးမည်ခေါ်၊ ငွေတောင်ပေါ်၌၊ စေတီတော်မြတ်၊ တည်လတ်ပြီးခါ၊ ဝေနေယျာတို့၊ ဝန္ဒာပူဇာ၊ သက္ကာရနှင့်၊ ဒါနသီလ၊ ဓမ္မကြောင်း၊ ခပင်းဉဿုံ အလုံးစုံကို၊ မွန်းတုံ့ ပီတိသဒ္ဓါအိရှဲ၊ မြတ်နိုးဘိကြောင့်၊ ကဝိအမွန်၊ သီလဝန္တ သမ္ဗန္ဓဂုဏ်၊ မပြတ်လှုံသည့်၊ ရွှေဘုံရည်ရော်၊ သံဃာတော်များ အမှူးထား၍၊ နောက်ပါးမကွာ၊ အရိပ်ပါသို့၊ များစွာ ထောင်သောင်း၊ သူတော်ကောင်းတို့၊ နှစ်ထောင်းရွှင်ပြ၊ ပွဲရ

www.dhammaransi.com



ချိမ့်ချိမ့်၊ အောင်ပွဲညိမ့်ကျော်၊ နှစ်စဉ်ပျော်ကြ၊ ထိုကာလ၌၊ ဗုဒ္ဓတွန်းပေါ်၊ စေတီတော်၏၊ ရှေးသော်ကာလ၊ သမယဝယ်း စ-သယ် မူလ၊ တည်ပြီးမှလျှင်၊ ဖြစ်လှစဉ်ကို၊ သိခြင်ဇောချပ်၊ အမေးရပ်ကြောင့်၊ ဖြေလတ်စိမ့်ငှါ၊၊ သမိုင်းစာကို၊ ဖွေရှာသိန္နံး စီရင်ကုံး၍၊ ဗုဒ္ဓဝေယျာ၊ ဂေါပကာဟု၊ ခေါ်တွင်ပြုသည့်၊ ဦးတင်၊ ဦးပေါ၊ ဦးမြ စသော ဒါယကာ အများတို့က၊ နာယက ဆရာတော် ဘုရားများထံ၊ လျှောက်ထား တောင်းပန် ကြသဖြင့်၊ ပထမ နာယကဖြစ်တော်မူသော၊ ပန့်တင်ကျောင်း (အရှင်နန္ဒိယ)ဆရာတော်ဘုရား၏ခွင့်ပြုချက်အရ၊ မံနားကျောင်း ပဉ္စမမြောက်၊ အရှင်ကောဝိဒ ဆရာတော်ဘုရားက၊ နုတ်လမ်းညွှန် စာတန်းနှင့် တောင်ကတုံးဘုရား ကည်ထားကိုးကွယ် စ-လည် အဆုံး၊ ဆည်းကပ်ပူဇော်ပုံအသွယ်သွယ်၊ အကြိမ်ကြိမ်ထပ်မံ၍ ပြုပြင်တည်တော်မူခဲ့သည့် အကြောင်းစုံတို့ကို မှီလိုက်ကြသော မံနားရွာနေ ဆရာကြီး ဦးသိုက်နှင့်၊ ဆရာကြီး ဦးပြုန့်တို့အား မေးမြန်းစုံစမ်း၍ရင်း၊ မိမိမှတ်မိသမျှ မှတ်စုမှတ်ရာ အဖြာဖြာ တို့ကို ရေးသားစီရင်ပြီး ပေးတော်မူသောစာမူနှင့်တကွ၊

မံနားကျောင်း၊ သိမ်ကျောက်စာ၊ ခေါင်းလောင်း ကမ္ပည်း။ တောင်ကတုံး သိမ်ကျောက်စာ ခေါင်းလောင်းကမ္ပည်း တို့ကို အမှီပြု၍၊ ဤတောင်ကတုံး သမိုင်း စာအုပ်ကို ပြုစုစီရင် တည်ထွင်ရေးသားရပါတော့သတည်း။

ဤစာရှုသူ၊ ရှင်လူရဟန်း ပြည်သူဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည် အမှားပြင်ဆင်၍ အမှန်မြင်အောင် ရှုကြည့်

www.dhammaransi.com



ပြီးလျှင် သဒ္ဒါတရား တိုးပွားနေစဉ် ကြည်လင်ဝမ်းမြောက် ကင်းပျောက်ဘယာ၊ ကိုယ်မှာမရှိ၊ ကင်းစင်ဘိ၍ သတိတရား လက်ကိုင်ထားပြီး၊ နည်းများမဟူ ပေးလှူပါနှ၊ စွန့်ကြဲရ၍၊ လှူနတ်နိဗ္ဗာန် ခံစားစံသည် ကောန်ပုချ နိဗ္ဗာန်ခရီး ရောက်စေသောဝ်။

ရွှေကျူမြို့ ပန့်တင်ကျောင်း ဆရာတော် ဝါဆိုကျောင်း ဆရာတော်၊ မနားကျောင်းဆရာတော်တို့၏ အဋ္ဌဝါသိ ဟ။

(အရှင်မင်္ဂလ)

မဋ္ဌလေးမြို့

www.dhammaransi.com

# တောင်ကတုံးဘုရားသို့

နှုတ်လမ်းညွှန်း

အဟန်း—အဟန်း.... လေပြေက ဖြန်းဖြန်းတော့ ချမ်းလိုက် ပါတော့ကရို....၊ မချမ်းဘဲ ရှိပါ့မလား၊ နေ့ပူလို့ ညချမ်း တပေါင်းလသရမ်း (လဆန်း) ဆိုတဲ့ အတိုင်း ရာသီအားဖြင့် မိန်ရာသီ၊ ဥတုအားဖြင့် ဟေမန္တဥတုနှင့် ဂိမှန္တဥတုတို့၏ အဆုံး ကာလ ဖြစ်ခဲ့ရကား၊ ရာသီအလိုက် နှစ်ချိုက်စရာ ပွင့်ရှာကြ အလှကြက်သရေ တက်ဖိုးဝေသည့် လှမိုးစွေ ပန်းပိတောက် သရဖီ တို့ကလဲ၊ အညီအစုံ ရဂုံအတွင်း တသင်းသင်းလှိုင် အလှင့်ချင်းပြိုင်ကြသတတ်၊

ဓါတ်ကတော့ အာပေါဓါတ်၊ နက္ခတ်က ဥတ္တရာဘရဂုဏ်၊ စန္ဒာဝေခါ လမင်းနှင့် အရောင်ခြင်းယှဉ်မှိန်၍ တူစုံညီပြိုင်နဲ့၊ လောကသဘာဝ အရာဌာနအားဖြင့်လဲ ဗုဒ္ဓပူဇော်ပွဲ အရပ်ရပ် ဆနယ်နယ် နဲ့ကြပေသစပါ....၊

www.dhammaransi.com



ဒါကြောင့် ပိဋကတ်သရဖူ၊ မိန်ရာသီ၊ စေတီပုထိုးတော်ရုံ၊ အာပေါဓါတ်ပြောင်း၊ ရွက်သစ်လောင်း၊ တပေါင်းဆိုသည့်လ။

သည်ရာသီ သည်လ သည်ချိန်ကြပြီဆိုမှဖြင့် ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာဘုရားကို ရိုသေစွာ ဂါရဝနှင့် ပဏာမပူဇော်ပွဲ၊ တူပျော်နဲ့ ပြုလုပ်ကျင်းပမြဲမွေတာမို့၊ ဘာသာ အာဝ ဥသြညိုသကုဏတို့ကလဲ စွန်ကြူးကာပျော်ရှင်ကြလျက် ရွက်ဟောင်းကြွေလှစ် ရွက်သစ်တွေလောင်း ဆောင်းနှောင်း နွေဦးမှာ လေရူးနှင့် လေညှင်း ငွေနှင်းနှင့် ရောပြွန်းတော့ ဘယ်ကမချမ်းဘဲ ရှိပါ့မလဲ....။

ဩ....တယောက်ထဲ ပျင်းပျင်းရှိတာနှင့် အညောင်းပြေ လာလိုက်တာ၊ငါ့ကိုဘာလဲလို့ ဘယ်သူမှ သိကြမှာမဟုတ်ဘူး....၊ အဲဒါကြောင့် ပြောပြရပါဦးမယ်....

ရွှေကျိုက်ပိုင် ကျေးတောကြီးနှင့် ချောင်းခရိုင်၊ အကြောင်းဆိုင်သူ နှောင်မမှုန်းပါတဲ့ အဲ....အဲ တောင်ဇလပ်ဟု မှာ နေတဲ့ နှငယ်ရေးတသတ် နှတ်၊ ဘောသီး...ဂျမ်ထိ။

နှတ်ဆိုပေမယ့်လို့ တောင်ကတုံးကို စောင့်ရှောက်၍ အမြဲ နေသော နတ်မဟုတ်ပါဘူး....။ ဂုဏ်း နှတ်မင်းကြီးများ၏ လက်အောက်ငယ်သား နှတ်ကလေးပါ၊ နှတ်တို့၏ ကိုယ်ရောင် ကိုယ်ဝါက တပိဿအစိတ်၊ ကမ္ဘဇိဒ္ဓိ ရှုစ်ဆယ်ကျော်နှင့် ပျော်ပျော်ပါးပါး ကားခပေးစရာမရှိလို့ မြေပြင်ကို ခြေလျင် လျှောက်လာလိုက်တာ....

www.dhammaransi.com

အသရေတလူကြို့ပါတဲ့ ရွှေဘုမြို့မြစ်ကမ်းပါး၊ အဆင်း
အဘက် မြင့်မောက်တဲ့ သင်္ဘောဆိပ်ကြီးသို့ ရောက်ခဲ့
ပါပေါ့ကလား....။

နှတ်ကလေး အတော်မောသွားပြီ ဒီအနား ရောင်းတို့ရန်
ချထားတဲ့ အိုးပုံမှာ အပေါ်ကပုဆိုးခြုံ၍ အပန်းဖြေ နားလေ
ဦးမှဘဲလေ။

| | |
|---|---|
| လောကီဘုံသား | အများသူငါ |
| ချစ်သူအရေး | ပူဆွေးရရှာ |
| မျက်ရည်ယိုစီး | ငိုကြွေးခါခါ |
| ပေါ်လာနိုး | မျှော်ကိုးနေရတာ။ |

အချိန်မှာ ကား-

တပေါင်းလဆန်း(၁)ရက်နေ့ကစ၍လပြည့်ကျော် (၁ ရက်
နေ့အထိ ကျွန်ုပ်တို့ရွှေဘိုမြို့တွင်လည်း ရွှေပေါ်ကျွန်း ဘုရား
ပွဲတော်ကြီးကို အလွန်သိုက်မြိုက်စိကားစွာ ပြုလုပ်ကျင်းပ၍၊
ပူဇော်ကြသည်မှာ နှစ်စဉ်နှစ်တိုင်းဖြစ်လေသည်။ ၎င်း လပြည့်
ကျော် (၅)ရက်နေ့တွင်လည်း တောင်ကတုံး ဘုရားပွဲတော်
အစပြု၍ ကျင်းပဆဲအချိန်ဖြစ်လေ၏။

ခင်ဦးမှာ။ မပေါ်လာ မျှော်ကာပမေလွမ်း၊ စိန်မျက်ရည်
စမ္မယာခိုင်က နှစ်သွယ်ပြိုင် ယိုလို့သမ်းတယ်
အမယ်မင်း မောရှိခွေနွမ်း....။

www.dhammaransi.com



နတ်။ အလို....ဘုရား....ဘုရား.... မောတာနှင့် အိုးပုံ့နားမှာ ခေတ္တအပန်းဖြေရင်း လူတွေ သွားကြလာကြသည်ကို ကြည့်ရှုလို့ နေလိုက်တာ လမ်းဘေးက လဖက်ရည်ဆိုင်အနားမှာ သနားစရာ ကလေးပါလား....။ အသားကလေးက ဝါဝါထိန် ရဘနာ စိန့် ရွှေ နားကပ်နှင့် ကေဆံပတ်က ပိတုံးဆောင်ပမာ၊ အဲ....အဲ.... မဟုတ်သေးပါဘူးလေ၊ အသားကလေးက ဝင်းဝင်းဝါ၊ ယမင်းကညာ ဒေါက်ဘိနပ်နှင့် အမောက်တတ်တဲ့ နိုင်လွန်မယ်မှာ တဖြိုင်ဖြိုင် မျက်ရေ ကျတာကြောင့် အလှပြင်ထားတဲ့ နှုပ်ခမ်းနီ ပါးနီတွေ ပျက်ကုန်ပါပေါ့လား။ ဘာကြောင့်များ ဖြစ်ပါလိမ့်၊ ငါသွား၍ မေးဦးမယ်။ ငါကိုယ်ရောင် တခေါက်ဖြာလိုက်မယ်၊ အမောက်ကညာမြင်စေ။

ဥမ္မာ။ ဟင်.... မိုးအုံ့လာပါပေါ့လား....။

နတ်။ အဲ....ဟုတ်လိုက်လေ.... နတ်ကိုယ်ရောင်ပါဆိုမှ မိုးအုံ့ရမယ်လို့၊ မဖြစ်ဘူးမဖြစ်ဘူး ကိုယ်ရောင်ကိုယ်ဝါတွေ ပြန်သိမ်းဦးမှဘဲလေ....၊

အရောင်အဝါလင်းရာမှ အမှောင်တခါကျင်းလိုက်မယ်။အမှောင်ချင်းချင်းဖြစ်ရောလဟယ်....

www.dhammaransi.com

ခုမှဘဲ လင်းလာတယ်.... အလို...အရောင်အဝါ တွေနှင့် ဘယ်သူမျှားပါလိမ့်ရှင်....။

ဟဲ့....သူငယ်မ ငါနတ်ကွဲ့....။

ဝမ်းသာလိုက်တာမောင်ကြီးနတ်ရယ်.... ကျမရဲ့ အပူကို ကူညီခဲ့တော်မူပါအုံး....၊ မောင်ကြီး နတ်ရဲ့....။

ပူရင်လဲ ရေဆင်းချိုးလိုက်ပါလား.... အဲလေ.... အဆင်းကလှသနှင့် ယမင်းနမ် အခက်ကြုံ၊ ပူပုံတွေပန်း မရှင်လန်းရသည်မှာ ဘယ်အရာ ဘယ်ကိစ္စကြောင့် စိုးနှောင့်ပူခဆွေး ငိုကြွေးလို့ နေရပါသလဲ....မောင်ကြီးနတ်ကို ပြောပြစမ်းပါ နှမရယ်....။

မောင်လှစွာ ပြောရမှာ တကယ်ခက်ပါတီး၊ ရှက်လိုက်လေလနဲ့၊ ဇင်နှစ်ငုံ ယာဖြဲတဲဖြတ် ဘဝင် တုံ့လှပေါ့ ရင်အုံကို လက်ငုံထုသိုက်မယ် အမယ်မင်း.... တယောက်ကြင်သူနှင့် ကွဲရတာ ကြောင့် မောင်ကြီးနတ်ရယ်....။

ဘာ့.... ဘာ့.... ဘာ့....ကြောင့် ငိုပြန်တာလဲ.... ပါးကဆေးနီတွေပျက်ကုန်တော့မယ်၊ ပြောသာ ပြောပါ မရှက်ပါနှင့်။

www.dhammaransi.com



ဥမ္မာ — မောင်ကြီးနုတ်သိချင်လို့ ရှိလျှင်လဲ ရှေ့မျက်နှာ နောက်ထားပြီး ရှက်အားနှင့် ပြောရတော့မှာပေါ့၊ နားနှင့်မနှာ ဘဝါးနှင့်နှာဆိုတာလိုဘဲ အပြစ်ရှိလဲခွင့်ပြုပါရှင်၊ ကျမတို့ဒေသမှာ တရပ်ထဲ အတူနေကြတဲ့ ချစ်ရည်းစားဟာ သူ့ရဲ့ မိဘများက သဘောမတူကြတာနှင့် စိတ်ပျက်ပြီး ခရီးထွက်သွားတာ တော်တော်ဘဲ ကြာခဲ့ပြီ၊ ကျမလဲ ငယ်ကအချစ် အနှစ်တရာ မမေ့သာ ဆိုသလိုဘဲ၊ ပျောက်နေလတဲ့ ချစ်သူကို မတွေ့ တွေ့အောင် ရှာမယ်ဆိုတဲ့ စိတ်ဇွဲနှင့် အားခဲပြီး၊ မိဘများမသိအောင် တိတ်တဆိတ်ထွက်လာပြီး သင်္ဘောကြီး အစုံအဆန်စီးလို့ ရွှေပေါ်ကျွန်း မြတ်ဘုရားပွဲတော်ကြီးမှာ လူတွေက စုံတာနှင့် တွေ့ရလိမ့်မယ် ထင်မှူးနှင့် ကြိုးစား၍ ရှာပါသော်လဲ မတွေ့ရပါ။ မြတ်ဘုရားပွဲတော်ကြီးလဲ ပြီးလေပြီ၊ ကျမမှာ ထင်သိုင်းလဲ မပေါက်၊ ကြံတိုင်းလဲမမြောက် စိတ်သောက ရောက်နေရတဲ့ ဒုက္ခသယ်ကို သနားသဖြင့် ကယ်တော်မူပါ နတ်မင်းရဲ့ —။

နတ် — ဖြစ်မှဖြစ်ရလေ နှမရယ်.... ဒါကြောင့် တွေ့ကြုံ ဆုံကွဲ ဖြစ်မြဲဓမ္မတာလို့ ဘုရားက ဟောထား ခဲ့တာပေါ့၊ ကဲ....ကဲ...ကဲ... ငါ့နှမချစ်သူဟာ ဘယ်မြို့သွားလဲ၊ရန်ကုန်သွားလား၊ ရန်ကုန်သွား

www.dhammaransi.com



ဆိုရင် ကံဆုံမှညားရသတဲ့၊ မန္တလေးသားတော့ ဇရမ်းပြေးသမားနှင့် ညားတတ်တတ်၊ ကသာ သား ဖြစ်ရင်လဲ အညာသမားနဲ့ တွေ့တတ်တယ်။ ရွှေကူသားတော့ ငွေယူပြီး သွားတာဘဲ။ ဗန်းမော်သား ဆိုရင်လဲ အရမ်းခေါ်သွားမှာ ပူ တယ် ငါ့နှမရဲ့....။

ဥမ္မာ — အို—မောင်ကြီးနှတ်ကလဲ ဘာတွေများ ရှောက် ပြောနေမှန်း မသိပါဘူး၊ ကျမရဲ့ ချစ်သူကို ကူညီ၍ ရှာပေးပါအုံးရှင်....။

နှတ် — ခက်နေပါပြီ.... နှမရဲ့ချစ်သူဟာ ဖြူဖြူလား၊ မဲမဲလား.... သူလာ. ငါလားမှ မသိရဘဲနဲ့ ဘယ့်နှယ်လုပ်ပြီး ရှာရမှာလဲ....၊ ဟဲ....ဟဲ....။

ဥမ္မာ — မောင်ကြီးနှတ်ကလဲ ပြောင်ချော်ချော် မပြော စမ်းပါနဲ့ နှတ်တို့တံခိုးနဲ့ ရှာပေးစမ်းပါ။

နှတ် — ဒါဖြင့် အထက်ဗန်းမော်သို့တက်ပြီး ရှာမှပေါ့။

ဥမ္မာ — ဗန်းမော်လဲရောက်ခဲ့ပြီ။ ကသာကစပြီး အောက် ကိုလဲ ရောက်ခဲ့ပြီ၊ အထက်ပိုင်း မြစ်ကြီးနား မြို့ကလဲ ပြန်ခဲ့ပြီ ဘယ်မှာမှ မတွေ့ခဲ့ဘူးရှင်....။

နှတ် — ကိုင်း....ဒါဖြင့် ယခု တပေါင်းလပြည့်ကျော် (၆)ရက်ရှိပြီ (၅)ရက်နေ့ကဘဲ၊ မောင်ကြီး

နှတ်တို့ တောင်ကာတုံး ဘုရားပွဲတော်ကြီးကို စပြီးပြုလုပ်ကြတယ်၊ အဲဒီ ဘုရားပွဲတော်ကြီး ဟာလဲ လွန်စွာစည်ကားတာဘဲ၊ အဝေးအနီးက ရောက်လာကြသော ဘုရားဖူး လူတွေကလဲ များတယ်။ နေရာဌာနကလဲ စိန့်ရေတံခွန် စမ်းတွေနဲ့ အလွန်သာယာ၍ ပျော်ဘွယ်ရာ ကောင်းတယ်၊ အဲဒီဘုရားပွဲတော်ကြီးသို့သွားပြီး ငါ့နှမချစ်သူကိုရှာပေတော့နှမရယ်။

ဥမ္မာ		မောင်ကြီးနှတ် ပြောတာနှင့်ဘဲ သွားချင်ပါ တယ်။ သို့ပေမင့် ဘယ်လမ်းက သွားရမှန်း မသိပါကြောင့် လမ်းညွှန်၍ ပြပေးတော်မူပါ မောင်ကြီးနှတ်ရယ်။

နှတ်		ဘာမှမပူနဲ့ မောင်ကြီးနှတ် လမ်းညွှန်ပြလိုက် မယ်၊ ဟောဟိုမှာကြည့်စမ်း၊ သင်းဘောဆိပ်က တက်လာကြတဲ့လူတွေအများကြီး၊ တောင်ကာတုံး ဘုရားပွဲတော် သွားကြမယ်လို့ပေါ့....။

ဥမ္မာ		အော်ဟုတ်လား လူတွေကများတာနဲ့ ကျမလဲ သွားချင်လှပြီ၊ မြန်မြန် လမ်းညွှန်ပြစမ်းပါ၊ ခရီးဘယ်လောက်ဝေးသလဲ။

နှတ်		ခရီးကတော့ သိတ်မဝေးလှပါဘူး၊ ဒီသင်္ဘော ဆိပ်က တောင်စူးစူးကို သွားရမယ်။ ဒီကစပြီး သွားရင် မင်းကုံးရပ်၊ ဆိုင်းကုံးရပ်၊ မြို့ကုံးရပ်

www.dhammaransi.com



အဲသည်ကဆင်းသွားတော့ ပေါက်နက်ခေါ်တဲ့ ချောင်းကလေးကို တံတား ကူးထားတယ်။ အဲဒီနေရာမှာ နောက် ရက် လ·များ မကြာခင် သင်းဘောဆိပ်ပင် ဖြစ်အုံးမတဲ့။ ချောင်းမှဆက်၍ ကျော်သွားလျှင် မော်လမြိုင်ခေါ် ရွာသစ်ရပ် အသက်နှား ကပ်လျက် အောက်ကြွင်းမှတ်၊ ထိုမှအဆုံး စေတီကုန်း၊ ပါပုကုန်းခေါ် ရန်ကြီးအောင်၊ ထိုမှတဖန် လှမ်းပြန်တော့ ခုံခန်းရပ်သို့ ရောက်ပါလိမ့်မယ် ယခုလိုခရီးတဧယောက်ဖမှားရအောင် စကားနဲ့ ညွှန်လိုက်တာ နှမရဲ့။

ဥမ္မာ စကားနဲ့ ညွှန်မနေပါနဲ့တော့ ခပ်မြန်မြန် အချိန်မှီရောက်အောင် သွားကြပါစို့မောင်ကြီး နတ်ရယ်။ ကျမရောက်ချင်လှပါပြီ။

နတ် ဒါဖြင့်သွားကြတာပေါ့၊ ကဲ-ထ၊ ခုဘဲသွားမယ် ကန့်ကရနှင့် တောင်ကြည့် မြောက်ကြည့် လုပ်မနေနဲ့၊ ဟိုအနားက အိုးပုံကြီးကိုတိုက်လို့ လဲမှဖြင့် ခွေးသွက်ဆွဲ၍ အရှက်ကွဲနေပါအုံးမယ် ပြောနေကြရော့ ငါနတ်မောင် ဣန္ဒိပါဒ် နှစ်ဆယ်ကျော်နှင့် အရွယ်တော် အမောက် ကညာ ယမင်းတို့၊ မြို့တွင်းကတဖုံလှမ်း၊ ခုံခမ်း အထက်ကြို့ပင်အောက် မြို့ပြင်သို့ရောက်စေ။

www.dhammaransi.com



အဲ....ဒီအရိပ်ကလေးအနားကယ်၊ ပေါ်ဒါလေး ကုလားဇရပ်နဲ့ရေတွင်း၊ ဆွေယမင်းချောတဲ့မေ အမောပြေအောင် ရေဝင်သောက် ခြေလျှင် ရှောက်ပြီး ခရီးဆက်ကြစို့....။ ဟောသည် အထက်က ငါးဘတ်ကြီးလမ်းခွဲ ဇရပ်ကြီး စခန်းသို့လဲ မပန်းခင်ဘဲ ရောက်ခဲ့ကြပေါ့။ အောက်နားသို့ လျှောက်သွားလျှင် ရေကန် အထက်မှာတော့ သာလာရှမ်းနှင့် ရေတွင်း လေညှင်းကလေးသွေးဆော်၊ ကြွေးကျော်သည့် ရွှေညီသြ၊ ရုပ်ချောသည့် မေအမောက်ရဲ့.... ရေသောက်ရင်း ခဏနားလိုက်ကြဦးစို့....။

ဦးမှော ရေကလဲအေးပါပေတယ်၊ သာခုရှင် သာခု.... သာခု....၊ရေတွင် နဲ့ ဇရပ်တကာတို့မှာ နတ်ရွာသို့ ရောက်ကြပါစေရှင်။ ဟင်....ဇရပ်ခါးပန်းမှာလဲ စာတန်းတွေရေးထားလိုက်တာ မီးသွေးရာတွေ ရုပ်ပွေလို့ပါလား....၊ အမိုးနဲ့ အကာမှာလဲ စာတွေချည်းပါဘဲ၊

နတ် အဲဒါ ငါ့နှမအလွမ်းပြေအောင် စာတွေကိုသာ ရှောက်ပြီးဘတ်ပေတော့။

ဦးမှော မဘတ်ချင်ပါဘူး၊စာတွေကရှက်စရာ၊သြဒါထက် ဒီဇရပ်နဲ့ ရေတွင်း၊ဒါယကာဟာ စေတနာက မြွတ်ပါတိ ဘယ်အရပ်ကများပါလိမ့်မလဲ....။

တခြားမဟုတ်ပါဘူး ရွှေကူမြို့ ခုံခမ်းရပ်က အထူး အကျိုးရှာတဲ့ ကျောင်းတကာကြီး ဦးဘိုးသာဆိုပါလား၊ ယခုမရှိတော့ဘူး အသက် ကိုးဆယ်ကျော်လောက်မှာ ဘိဇ္ဇနတော အနိစ္စ သဘောသို့ ရွှေ့လျောသွားလေပြီ၊ ဩ-ဒါထက် ငါ့နှမရဲ့ နာမည်ကလေးကဘယ်လိုခေါ်ပါသလဲ။

ခင်ဥမ္မာတဲ့....။

ဥမ္မာဆိုဘာအရူးပါလား....ဟင်။

ပုထုဇ္ဇနော ဥမ္မတ္တကောတဲ့၊ ပုထုဇဉ်မှန်သမျှ ဟန်မကြ အရူးတွေချည်းပါဘဲရှင်၊ မောင်ကြီး နတ်ရဲ့ နာမည်ကကောဘယ်လိုခေါ်ပါသလဲရှင်။

ငါ့နာမည်က ဝိန်ပလိန်တိန့်ဂွန့် တဲ့၊

ဟုတ်မှဟုတ်ပါလေစ၊ နာမည်ကသဲ ကောင်း လိုက်တာ။

အလို ဒီနာမည်တော်မှ ၁၃၂၂-ခုနှစ်က တို့ဘောင်ကတုံး ဘုရားပွဲတော်မှာ ကပြတဲ့ ဇာတ်မင်းသားရဲ့ နာမည်ကို ယူပြီး ထားရ တာပါ၊ နဂိုအစက မောင်ကြီးနတ်မှာ နာမည် မရှိဘူး။

www.dhammaransi.com



အရိပ်ကလဲ အဆင်ပြေ ရေချိုကလဲ အေး
လေချိုက သွေးပြန်တော့ ခင်တမေ တရေး
လောက် အိပ်ချင်လဲ အိပ်အုံး၊ နေညိုရှိ
အေးတော့မှ တဖြေးဖြေး လမ်းလျှောက်၊
စခန်းထောက် နားရင်း သွားကြတာ ပေါ့
နှမရယ်။

သဖြန်-

လမ်းတလျှောက်မှာလ၊ တန်းလို့သာ ပေါက်ရှာကြ၊ ပန်းပိတောရယ်တဲ့ ရွှေစူကာ။ တကြူကြူရက် တွင်းမှာ၊တလူလူ လေယူသွင်းပြန်တော့ သင်းရနံ့ဖြာ၊သည်ဝနာသာပေရဲ့စခန်း။ ညီချက်ကာယ်သာ၊ စည်မျက်နှာ မြေအပြင် (မြေမျက်နှာ စည် အပြင်)သို့ ထေရ်အရှင် မဂ်ဖိုလ်မျိုးလောက်အောင်၊ ကြီးတဲ့ မြိုင်တန်း။

နှုတ်

နှမရေ... နှမရေ.... ကဲ ထတော့ နေညိုလာပြီ ခရီးဆက်ကြဦးစို့။ ဟော ကြည့်စမ်း၊ လူသံတွေ ဆူညံနေဒါဘဲ ရှေ့ကို လွန်သွားတာလဲ အများကြီး နောက်နားကလဲ လူတွေ၊ အချို့ လှည်းနဲ့သွားကြ၊ အချို့က ကားစီး၊ စက်ဘီး နှင့် မြေအပြင်မှာ ခပ်တွင်တွင်လမ်းလျှောက်သူ တွေကလဲ မရေတွက်နိုင်အောင် သိပ်များပါ ကလား၊ ဘုရားပွဲတော်ဆိုတော့ တအားနဲ့ပြီး

www.dhammaransi.com

အားခဲ လာလိုက်ကြတာ ယမင်းပျို တို့မှာ သိချင်းတွေဆိုလို့ အလို ဒီလူစုက အထမ်းတွေနဲ့ ဆွမ်းပန်းကို ဘုန်းလှူ၊ ကြည်ဖြူစွာ သဒ္ဓါတရားနှင့် သံဃာတော်အရှင်မြတ်တို့အား တတ်အားသမျှ လှူဒါန်းဘို့ထင်ပါရဲ့ ပြောရင်းဆိုရင်းနဲ့ လျှောက်လာလိုက်တာ ခရီးအတော်ကွာခဲ့ပေါ့၊ နှမရေ.... ဟောဒီနေရာကတော့ ဂျုံးဂျုံးကျတဲ့ ထိုမှတခန်း ရှေ့လျှောက်ပါ လှမ်းလိုက်တော့ မပန်ခင် ပုလဲခက်ရဲ့ ဝဲဘက်က လမ်းဖုံ့ဖို့ လူကြုံနဲ့ လိုက်လို့သွား ရှေ့နားကြတော့ ပန်းတင်ရွာ ရေဆာလျှင်ဝင်၍တောင်း ဆရာတော်၏ကျောင်းဘက်ထွက်၊ အထက်နား ဆက်လိုက်တော့ မြိုင်သာရွာ တမိုင်သာသာ တခန်းကူးတော့ လမ်းကူးရွာသို့ ရောက်ရသဖြင့် ခေတ္တလောက် အမောဖြေပြီး တောခြေသို့ သွားရလိမ့်အုံးမယ် နှမရဲ့....။

ဒီရွာတွေက လူလဲများများ မရှိကြပါလား.... ဘယ်သွားကြပါလိမ့်။

ဘယ်က လူရှိမှာလဲ အားလုံး ဘုရားပွဲသို့ ရောက်ကုန်ကြပြီ၊ ဒီဘုရားပွဲဟာ ဒီရွာသားတွေက အကျိုးဆောင်တွေပေါ့၊ ဟင်— အချို့နေမှာဘဲ အိပ်ရာက ထကြဘယ်၊ ညက ပွဲကြည့်ကြတယ် ထင်ပါရဲ ။

ဥမ္မာ ဒီရွာရဲ့အရှေ့ဘက်မှာ ရွာရှိသေးသလား....။

နတ် အေးဟ၊ ဟောဟိုအိမ်ကြားက လမ်းကလေးကို လျှောက်သွားတော့ တခေါ်ပေါက်မှာလမ်းကို ဖိလာ ဆီးနေကဲ့ နန့်ဖါးချောင်းကြီးကို တွေ့ရမယ်။ ချောင်းဟိုဘက်ကို ကူးလိုက်တော့ သရက်ချိုရွာတဲ့၊ ထိုမှတဖန် သွားပြန်တော့ ကိုင်းရွာတဲ့။ ၎င်းမှ တဖန် သွားပြန်တော့ တော်လှန်ရွာတဲ့၊ တော်လှန်ကနန့်ဖါးချောင်းကို ကျော်ပြီး သွားလျှင် လဲ တောင်ကထုံးကို ရောက်နိုင်ဒါဘဲ နှမရဲ့။

ဥမ္မာ နန့်ဖါးချောင်းက ဘာတွေများ ငှ်ပါသလဲ....။

နတ် နန့်ဖါးချောင်းဆိုတာ ငါးပေါတယ်။ ဟင်းသီးဟင်းရွက် ပေါတယ်၊ ရွှေလဲ ထွက်တယ်၊ ရွှေကျင်လို့လဲရတယ် ဒါကြောင့် မောင်ကြီးနတ်တောင်မှရွှေကျင်အုံးမလို့ဘဲ။

ဥမ္မာ မောင်ကြီးနတ်က ရွှေဘာလုပ်ဖို့လဲ....။

နတ် အင်္ဂရိပ်ထိုးတော့ ဓါတ်လုံး ရွှေကြေးရအောင်။

ဥမ္မာ ကြွားဘူးပေါင်ရှင် နတ်အင်္ဂရိပ်ထိုးမယ်လို့။

တောသွဲ့သဖြန်-

ပြောမဆုံး၊ တောလုံ့တဲ့မှိုင်း၊ညှိုညှို၊ ရိပ်အဆောင် ချိုစေဆို့တယ်။ လွမ်းဘို့နဂို။ နုစိမ်းရဲ့စုံ။ ရွက်ညှိုမျှပင်ပေါင်း။ ခါတော်မှီ ဆုသီကောင်းမှာ။ ပွင့်ကြထပ်လောင်း။

www.dhammaransi.com



နှတ် — နှမရေ မမောမပန်းဘဲ၊ တောလမ်းကိုလျှောက်လာကြတာ ရှေ့နဲ့နောက် မနီးမဝေး ခရီးကလေးကလဲ သာယာဘိသနဲ့၊ ဖွဲ့နွဲ့ခါ သီချင်းဆိုပြီး သွားကြတဲ့သူတွေကိုမြင်ရဲ့လား၊ဘုရားဖူးလား၊ ပွဲကြည့်လား။ အဲဒါကိုတော့ခြားနားလို့မပြောနိုင်ဘူး။ ယမ်းကူးက အထွက် လင်းလင်းထင်တဲ့ ကွင်းပြင် လယ်တောမှာ ကျွဲနွားတွေပေါပါဘိ။ ဟောဟိုက ခင်အစွန်းမှာတော့ကင်းပွန်းနဲ့ကျီးအာ ကြောင်သျှာနဲ့ ဆူးပုတ်၊ခရမ်းနဲ့ငရုတ်၊ ငပြုတ်နဲ့ ဘူးဖရုံ။ ရွာအထွက်ယာတကွက်မှာဖြင့် စုံလို့ စုံပေရဲ့တခန်း၊အုံ့ချိုးမှုန်း၍ မှတ်တမ်းတင်လောက်တဲ့ ဒေသပေတဲ့။ အဲဒီနားက လမ်းကလေး နဘေးကမြင်ရင်ဆုံးပေါ့။ ဟောဒါကအင်ကြင်းကုန်းတဲ့အင်ကြင်းပင်တွေကလဲ ရာသီအလိုက် အထိုက်လျော်စွာပွင့်ကြရှာ ရှေးခါအတိတ လောင်းဗုဒ္ဓမြတ်ဆင်မင်းမှာ အင်ကြင်းပန်း အစထားပြီးဒုက္ခ များခဲ့ရတာကြောင့် အင်ကြင်းပင်ရင်းဆင်မင်း ဆဒ္ဒန် ကြောင်း ကံခေ ပြန် ဆိုတဲ့သီချင်းကြီးကို မင်းသမီးများ အသံကောင်းကောင်းနဲ့ သီဆိုကြတာပေါ့ နှမရဲ့။

ဥမ္မာ — မောင်ကြီးနှတ်ကလဲ ပြောလိုက်တာစုံနေတာဘဲရှေ့နားက လူသံတွေကြားတယ်၊ ရောက်တော့မယ် ထင်ပါရဲ့။

www.dhammaransi.com



အေးဟုတ်သွားဘဲ၊ ဟောဒီကလမ်းကလေးဟာ ပွဲခင်းကို သွားကြတာပေါ့။ ဒါပေမင့် လမ်းက သိတ် မကောင်းဘူး၊ ဆက်သွား ချောင်းမှာ ရေရှိတယ်။ ဒီကနေ ကြည့်လိုက်စမ်း စခမ်းက သာသာနဲ့၊ ပင်မခေါ်ရွာဟောင်းတဲ့။ ဝဲဘက်က လမ်းကြောင်းကို လိုက်သွားမှဘဲ ပွဲခင်းထဲကို ရောက်မယ်။ ဒီကနေပြီး တောင်ဘက်ကို လိုက်သွားရင်တော့ ခေါ်လဲ ဆိုတဲ့ ရွာကို ရောက်သွားလိမ့်မယ် နှမရဲ့။

ဒီကနဲ့ခေါ်လဲရွာကို ဘယ်လောက်ဝေးသလဲ....

မဝေးတော့ပါဘူး၊ ရွာက ကြက်တွန်သံတောင် ကြားနေရတယ်။ ဟောပွဲခင်းက အသံချဲ့စက် ဖွင့်သံတွေ ကြားပြီ။ အကြော်ညှော်နံ့လဲနံပြီ၊ ကဲသာလာ။ အလို ပွဲတော်တွင်း ရောက်နေပါ ပေါ့လား၊ ဟိုရှေ့က ရေဘုံခွန်မှာ ရေချိုးပြီးမှ အားအင်လေး ပြည့်တင်းပြီး ဘုရားပွဲတော် အတွင်းမှာ နှဲပျော်ရင်း ချစ်သူကို တွေ့ပါလိမ့် မယ်။ မောင်ကြီးနှင်လဲ ဟောဟို ဆရာရုံးရဲ့ အကြော်ဆိုင်မှာ ပျော်ပျော်ဆိုင်ကာ နှစ်ဘက် ထောက် ဆင်းပြီး လဘက်ရည် သောက်ရင်း ဆိုင်းအုံးမယ်။

www.dhammaransi.com

# တောင်ကတုံးဘုရားသမိုင်း

## နမော တဿ ဘဂဝတော အရဟတော

## သမ္မာသမ္ဗုဒ္ဓဿ

## သိဿံ သိဠ္ဌန္တု သက်ပွါ

ရတနာတြိ နမာမိ၊ ပါဠိအလာ၊ ရတနာမြတ် သုံးပါး နတ်ကို၊ တုတ်ပြုတ်ဝပ်လျှိုး၊ ရှိညွတ်ကြိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘဂဝါအတုလ၊ သုံးလူဘ၏၊ ဓါတ်မွေ့သရီ၊ မြတ်စေတီ၊ ဘည်ရာဌာန၊ ပဗ္ဗတထိပ်ဆုံး၊ တောင်ကတုံးနှင့်၊ ခေါ်သုံး ငွေတောင်၊ မည်ဆောင် ~~သယုတ်~~ ~~အစွန်ပြတ်~~ ~~မှတ်သိသာ~~ အကျဉ်းပြကာ၊ ရေးသားတည်သွင်းသမိုင်းရေးဖွဲ့ကြိုး စီး ဌာန

စာကြည့်တိုက်

၁ ၁၀ ၈၀

www.dhammaransi.com



စီရင် ဖွေထုတ်၊ ဤစာအုပ်ငယ်၊ မှတ်သားဘွယ်ကို၊ ချယ်လှယ်ဝေစုစ်၊ ဟုတ်မဟုတ်နှင့်၊ ယုတ္တိယုတ္တာန်၊ မှန်မမှန်ကို၊ စေတန်ထောက်ရှု၊ သတိပြု၍၊ ကြည့်ရှုကျောက်စာ၊ ကမ္ဘည်းလာဖြင့် ဖွေရှာတည်ထွင်၊ ပြုစီရင်သည်၊ ကြည်လင် ထွန်းတောက်ပစေသော် — ။

တောင်ကတုံးသမိုင်းကြောင်းကိုရေးရသော် မံနားကြီးရွာဇာစ၍ ရေးသားပေါ်ပြရပေမည်။ အဘယ်ကြောင့်ဆိုသော် အရင်းစစ်တော့ အမြစ်မြေကဆိုသကဲ့သို့ ဤစာအုပ်ကိုရေးသား ပေါ်ပြလတံ့သော အကြောင်းအရာ အဝဝတို့ဖြင့် သိရပေလိမ့်သတည်း။

ရွှေကူမြို့၏တောင်စူးစူး မြို့နှင့်(၉)မိုင်ခရီးဝေးကွာသော အရပ်တွင် (မံနားကြီး)ဟု ခေါ်သော ရွာသည် ယခုတိုင် တည်လျက်ရှိပေ၏။ ထိုရွာ၏အထက်ဖြစ်သော တောင်အရပ်တွင် အရပ်ရပ်သော ဒါယကာ ဒါယိကာမတို့၏ ကုသိုလ်ရွှေအိုး စိုက်ပျိုးမြှုပ်နှံရာ ဖြစ်သော ရွှေးမြန်မာဘုရင်မင်းနှင့် သုဓမ္မာ ဆရာတော်များထံမှ အမိန့်တော် ခံရသော ပြဿဒ်ထီးတတ် ကျောင်းတော်ကြီးသည်အံ့ချီးဘနန်းရှုမခန်းမျှတည်ရှိလေသည်။ ထိုကျောင်း၏ အရှေ့ဘက်တွင် သိမ်တိုက်တော် ဘုရားကြီး၊ တောင်ဘက်တွင် ကန်တော်ကြီး ရှိလေသည်၊ ကျောင်းအရာမ် (စည်းခြံ)ကိုမူ ဝါးနက်ခေါ်သော ဝါးပင် တို့ဖြင့် ခြံစည်းရိုး ပြု၍ ထားပြီးလျှင် အရာမ်အတွင်း၌ သရက်၊ မရမ်း၊ ဇာနစိုး၊ သြဇာ၊ မာကလာ၊ ပိန္နဲ၊ ထန်းပင်၊ အုန်းပင်၊ ပေပင် စသော ဥယျာဥ်တို့ဖြင့် တန်းဆာဆင်လျှက် ကျေးလက် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ တည်ရှိလေ၏။

www.dhammaransi.com



ထိုကျောင်းကြီးသည် ယခုအချိန်မှာ မရှိတော့ပေ။ လွန်စွာဆွေးမြေ့ ဟောင်းနွမ်း ယိုယွင်း ပျက်စီးသဖြင့် သက္ကရာဇ် ၁၃၀၉-ခု နှစ်တွင် ဖျက်ပြီး ပျဉ်, တိုင်, သံ စသည်တို့ကို ရသမျှ သင့်သလို အသုံးပြုကြ၍ ၎င်းနှစ်နှောင်းတံကူးလဆန်း (၃)ရက် သောကြာနေ့မွန်းတည့်အချိန်တွင် ပန္နက်ရိုက်၍ အသစ်ပြန်ဆောက်ခြင်းအမှုကို ပြုကြ၏။ သိမ်တော်ကြီးနှင့် ကန်တော်ကြီး တို့ကား ယခုတိုင် ရှိပါသေး၏။ သို့သော် ရေးမူလနှင့်တော့ မတူတော့ပါ။ ပျက်စီး၍ နေချေပြီတကား။

ထိုကျောင်းကြီးကိုဘုရင်ခမ်းမြဘ်နှင့်တကွ သုခမ္မာဆရာတော်များထံမှအမိန့်တော် စာပုလွေကို သမိုင်းစာအုပ်ဖြစ်မြောက်ရန် မှတ်စုမှတ်ရာ အဖြာဖြာတို့ဖြင့် မှတ်တမ်းတင်ရေးသားပေးဘော်မူသော၊ ယခုအခါသီတင်းသုံးလျက်ရှိသော မံနားကြီးကျောင်းဆရာတော် ဦးကောဝိဒဏ ဘတ်ရှု၍ မှတ်တမ်းတင်ကာ စာမူကိုလည်း နူတ်ငံုရထားပါ၏။ ကတ္တိပါအိတ်စွတ် အမိန့်တော် စာပုလွေ ကြည်တော်ကအတွင်းမှ ပေရွက်နှင့် ရွှေခြသေ့တံဆိပ် ခပ်နှိပ်၍ရှိသောစာ ဖြစ်သည်။

ထိုစာမှာ အောက်ပါအတိုင်း

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင် လက်နက်စကြာရှင် ဘဝရှင်မင်းတြားကြီးနှင့်တကွ သုဓမ္မာဆရာတော်များ အမိန့်တော်ရှိလိုက်သည်။ ဗန်းမော်ဒိစတြိတ်ရွှေကူမြို့အပိုင် ကျေးတောကြီး

ခရိုင် စည်သာရွာနေ ဒါယကာငရွှေသားက မံနားကြီး ရွာဦး၌ ကျောင်းဆောက်လှူဒါန်းလိုကြောင်း လျှောက်ထားသောကြောင့် ဘုံခုနှစ်ဆင့်ရှိသော ပြာသာဒ်ထီးစိုက်၊ မှန်စီရွှေချ၊ တိုင်ထိပ်ကြာခံ၊ အောက်သမံတလင်း မုခ်လေးမုခ်၊ လှေကားလေးစင်းတပ် လျှောက်ပတ်သော ကျောင်းကြီးကို ကုသိုလ်တော်ပွား ဆောက်လုပ် လှူဒါန်းစေ၊

၎င်းစာပုလွေ ကြည်တောက်ကား ယခုတိုင်ရှိပါသေး၏။ အတွင်းက ပေစာမှာမူ ပျက်စီးကြေမွ၍ သွားချေပြီ။

၎င်း မံနားကြီး ကျောင်း၌ ပထမ ဆရာတော်ကား (ဘိုးခေါင်ဇာ)မည်သောဆရာတော်ကြီးဖြစ်ပါ၏။ ဘွဲ့တော်ကို မသိကြပါ။ ဒုတိယ ဆရာတော်ကား လူအမည် (ဦးနှောင်း) ရဟန်းဘွဲ့တော် ဦးဂုဏ ဖြစ်ပါသည်။ ဒုတိယဆရာတော် ဘုရားကြီး၏ တပည့်များကား ယခုတိုင်ရှိပါသေး၏၊

ပြဆိုအပ်ပြီးသော မံနားကြီးကျောင်း ဒုတိယမြောက် ဖြစ်တော်မူသော အရှင်ဂုဏ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ စိန္တေယျာ၏ ဟောပြမိန့်မှာ သာသနာသည်ငါးထောင် ရှည်ကြာ တည်ပါစေခြင်း အကျိုးငှါရင်း၊ သတ္တဝါ အများ သုံးဘုံသားတို့ အားထားမှီတွယ် ကိုးကွယ်ဆည်းကပ်ကြသဖြင့် မြင့်ရှည်လှစွာ သံသရာမှ မြန်စွာ ထွက်မြောက် နိဗ္ဗာန်သို့ ရောက်ကြစေခြင်းအကျိုးငှါရင်း၊ ကောင်းသော မနသိကာရ

သမ္ဗာသဒ္ဒ ရှိတော်မူသောကြောင့် မံနားကြီးကျောင်း၏အရာမ် အတွင်းဖြစ်သော အရှေ့ အရပ်၌ သက္ကရာဇ် ၁၂၅၆-ခုနှစ် ပြာသိုလပြည့်ကျော် (၇)ရက် ဗုဒ္ဓဟူးနေ့ ၂-ချက်တီးကျော် (၇)နှစ်ဖဝါးတဖိ ကောင်းမြတ်သောအချိန်တွင် ခဏ္ဍာသိမ်တော်ကြီးကို သမုတ်၍ ပြီးစီး အောင်မြင်လေသည်။ ထိုသိမ်တော် ကျောင်းတိုက်ကြီး အတွင်း၌ အရပ်တော် (၁၂)တောင် ၁၄-လက်မရှိသော ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးကို သတ္တဝါ အများ ကုသိုလ်ပွားစေရန် တည်ထားကိုးကွယ်တော် မူခဲ့လေ သတည်း။

> အောက်သမံတလင်းမှ ဘဝါးတော်အထိ ပလ္လင်တော် အမြင့်မှာ ၁-တောင် ၆-လက်မရှိသည်၊ သမံတလင်းမှ မုနိတော်အထိ အရပ်တော်ကား ၁၄-တောင် ၂-လက်မ ရှိလေသည်။

မံနားကြီးမှ အရှေ့တူးတူးသို့ ရှုမျှော်သည်ရှိသော် ခရီး လေးမိုင်ခန့် ဝေးကွာသော အရပ်ဝယ် ညို့ညို့မှိုင်း၍ ဝေဆိုင်းပြာမှောင် အရောင်တမျိုး၊ မြူခိုးတောင်ခိုး ရှုရှိုး စမ်းချောင်း တောင်နှာမောင်းနှင့် ပန်းပေါင်း ထုံသင်း လေပြေညှင်း၍ ငွေနှင်းစွေသွန် ရေတံခွန်နှင့် ဟောဝန်မှိုင်တန်း ဂနိုင်ဆန်းသည့် ရှုခင်းမအိ ယောဂီတောပျော် မွေ့လျော်မလေ့ နေစချင့်ဘွယ် တင့်တယ်အရိပ် ဇော်ဖေဝိဇ္ဇာတို့ ဆေးကြိတ်ရန်ပင် သူတော်စင်အပေါင်း ပျော်အောင်းခိုမှီး တကိုယ်ဘည်းနေဆိုင်၍ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ လျှင်မြန် ရောက်

www.dhammaransi.com



ကြောင်း။ တရားကောင်းကို နှစ်ထောင်းအားရ၊ လုံးဆော်ကြိုးကုတ်၊ အားထုတ်ရာတခန်း လွန်တင့်ဆန်းသော တောင်တန်းကြီးကို မြင်တွေ့ကြရပေသည်။

ထိုတောင်တန်းကြီး၏ အမည်များမှာကား မောင်တောင် (ငွေတောင်)ခေါ် တောင်ကတုံး၊ဖင်လန်တောင်၊ အင်းတောင် ပုံနလိန်းတောင်၊ တောင်သုံးဆင့်၊ မင်းရဲတောင်၊ ရွှေတောင်တို့ဟူ၍ ခေါ်ဝေါ်ကြလေ၏။ ထိုတောင်များ၌ သစ်ဝါးတို့များစွာပေါက်ရောက်ကြလေသည်။ လူနေနှင့်ကားမဝေးလှပေ၊ ထိုတောင်ခြေအနီးတွင် တော်လှန်ရွာ၊ ကိုင်းရွာ၊ လမ်းကူးရွာ၊ ခေါ်လဲရွာ၊ တာလီရွာ၊ စင်းဖုတ်၊ စည်သောင်စသော ရွာကြီးရွာငယ်တို့သည် ဒေသအားလျော်စွာ ဆက်စပ်လျက်တည်ရှိကြလေ၏။

ထိုရွာများနှင့် မလှမ်းမကမ်း ရွာပေါင်းများစွာ လူနေအိမ်ခြေ၊ ကားလမ်းလှည်းလမ်း၊ ဆေးခန်း၊ ဂိုဒေါင်၊ ရဲစခန်းတို့ဖြင့် စည်ကားသိုက်မြိုက် ဒေသအလိုက် ပြော်ပိုက်စရာကောင်းသော ရွှေကူကျေးလက် ကျေးတောကြီးဟူ၍ ထင်ရှားလေ၏၊ ထိုဒေသတွင် နေထိုင်ကြသောလူများ၏ အယူဝါဒမှာ ဗုဒ္ဓဘာသာပင်ဖြစ်၍ လယ်ယာ လုပ်ကိုင်ကြသော တောင်သူလယ်သမားတို့၏ နေထိုင်ရာအရပ်ဒေသပင်ဖြစ်လေသည်။

ပြဆိုအပ်ပြီးသော တောင်တို့တွင် မ်နားကြီး၏ အရှေ့အရပ်သို့ ကြည့်သော် (ငွေတောင်)ခေါ် တောင်ကတုံးကို မြင်နိုင်၏၊ တောင်အရပ်သို့ကြည့်သော် ရွှေတောင်ကိုမြင်နိုင်၏။

www.dhammaransi.com



ထိုတောင်နှစ်လုံးတို့တွင် ရွှေတောင်သည် ကြီးကျယ်မြင့်မား၏။ ဧရာဝတီမြစ်သို့ စုံဆင်း၍သွားရာ တကောင်းမြို့ အနီးကပင် မြင်နိုင်ပါသည်။ ကျော်စောထင်ရှားသော တောင်ပင်တည်း။

ပြဆိုအပ်ခဲ့ပြီးသော ရွာများ၌ နေကြသော လူအပေါင်း တို့သည် ရွှေတောင်အရှင်နတ်ကြီးကိုပင် ပူဇော်ပသကြလေ၏။ ထိုရွှေတောင်နှင့် ပတ်ဝန်းကျင် ဒေသတို့၌လည်း သစ်တော ဝါးတော ထူထပ်လှသည်၊ တောင်ခြေရင်း၌ကား စက္ကလာ ချောင်းရှိလေ၏။ ထိုချောင်းသည် ဧရာဝတီမြစ်သို့ အစဉ်သဖြင့် စီးဆင်းသွားလေသည်။ ဤကား ရွှေတောင်၏အကြောင်း သိကောင်းစရာအကျဉ်းသာတည်း။

ငွေတောင် ဟူသည်ကား (တောင်ကတုံး)ပင် ဖြစ်၏။ ငွေတောင်ဟူသောအမည်သည် ယခုအခါ မပေါ်လှင်တော့ပေ။ ထိုတောင်သည် ခေါလဲရွာနှင့် နီးကပ်စွာ (၆)ဖါလုံ ခန့်သာ ဝေးကွာသော အရပ်၌ တောတန်း စိမ့်စမ်း ရေတံခွန် တို့ဖြင့် ပြည့်စုံစွာ တန်ဆာဆင်လျက် တည်ရှိလေ၏။

တောင်ကတုံးဟု ခေါ်ဝေါ်ကြခြင်းမှာ တောင်ခြေရင်းမှ တောင်တစ်ဝက်လောက် အထိ ဝါးပင်၊ အင်ကြင်းပင်၊ ကျွန်းပင် စသော ပင်မျိုးစုံတို့ဖြင့် ရှုချင့်စဖွယ် တင့်တယ်စွာပေါက်ရောက် ကြပြီးလျှင် တောင်ခုလပ်မှ တောင်ထိပ်သို့ ရောက်အောင် သစ်ပင်ဝါးပင်တို့ မပေါက်ရောက်တော့ဘဲ ရှိလေ၏။ အကယ်၍ သစ်ပင်များ ပေါက်ရောက်ခဲ့သည် ရှိသော် မကြီးမြင့်မီပင်လျှင် မိုးကြိုးခဲ့သော်၎င်း အလိုအလျောက်သော်၎င်း ပျက်စီးသွား ပါ၏။

www.dhammaransi.com



သက္ကရာဇ် ၁၃၂၃-ခုနှစ်နယုံလတွင်အာရုံခံ တန်ဆောင်း အသစ်၏ သမံတလင်း ခင်းကြင်းနေစဉ် အတွင်း လုံးပါတ် လေးပေ၊ ငါးပေခန့်ရှိသော အင်ကြင်းတပင်သည် အဖေါ်မမှီး တပင် ထည်းထည်း ကြီးမြင့်စီကား ကြီးထွား လာသဖြင့် မိုးကြိုးခ၍ ပျက်စီးသွားသည်ကို စာရေးသူ မျက်မှောက်၌ပင် တွေ့မြင်ကဲ့ရပါသည်။

ဘောင်ခုလပ်မှ တောင်ထိပ်အထိဒေတခုလုံး၌ မျက်မွေး ခေါ် ကိုင်းပင် များသော ပေါက်ရောက် စီကားလျက် ရှိ၏။ နွေဥတုအခါ မီးသင့်လောင်သဖြင့် လွန်စွာ သန့်ရှင်းလျက် ပြောင်ပြောင်လက်လက်ရှိ၏။ ထိုသို့ တောင်ကိုပ်တွင် သစ်ပင် ဝါးပင်များ မရှိ၍ ဦးပြည်းခေါင်းတုံးသည်နှင့်တူသောကြောင့် ငွေတောင်ဟူသော အမည်မှ ကာလ ရှည်ကြာလာသောအခါ တောင်ခေါင်းတုံးကို တောင်ကတုံး ဟူသော အမည်သစ်သို့ ယခုတိုင် ခေါ်ဝေါ်သမုတ်ကြလေသတည်း။

တောင်ကတုံး၏ အရှေ့ဘက်တွင် နီးကပ် ယှဉ်စပ်လျက် ရှိသော တောင်ငယ်တလုံးရှိ၏။ ထိုတောင်ငယ်လည်း တောင် ကတုံးနှင့် အသွင် တူပြီး သစ်ပင်ဝါးပင်တို့ တောင်ထိပ်၌ မပေါက်ရောက်၊ ထိုတောင်ငယ်ကို (မောင်တောင်) ဟုခေါ်ကြ၏။

ထိုတောင်များမှာ မြေနည်း၍ ကျောက်လုံး ကျောက်ခဲ များသော ဖြစ်၏။ တောင်ခြေရင်းမှ ပေ ၃၀၀-ခန့် အမြင့်တွင် တောင်ပေါ်တက်သောလမ်းနှင့်ကပ်လျက်လမ်း၏လက်ျာဘက် တနေရာ၌ ကျောင်းနှင့်သိမ်လည်း ရှိပါသည်။

www.dhammaransi.com



၁၁၃၁-ခု ကဆုန်လဆန်း(၁၃)ရက်နေ့၌ထိုကျောင်းကို မီးလောင်သွားပြီ ဖြစ်၍ ကျောင်းကုန်းတွင် စိုက်ထား သော သရက်၊ပိန္နဲ၊ မကျည်းပင်စသော ဥယျာဉ်များနှင့် ခဏ္ဍ သိမ်တော်သာ ကြွင်းကျန်လျက် ရှိပါတော့သည်။ ထိုကျောင်းကို ၁၂၇၂-ခုနှစ်လောက်တွင် ဆောက်လုပ် သည်ဟုထင်ရသည်။ကျောင်းဒါယကာမှာ တုံးကောက် ရွာနေ ဦးဆော့ ရဟန်းခမည်းတော်ကြီးပင်ဖြစ်၏။

တောင်ကတုံး၏ သာယာခြင်းမှာ နွေဥတု၌ ညိုမှိုင်း ဝေမှောင်သောအရောင်အဆင်းရှိ၍ မိုးဥတု၌ စိမ်းလန်း စိုပြေ သော အဆင်း၊ ဆောင်းဥတု၌ ဝါခြွေသော အဆင်းရှိ၏။ သီတင်းကျွတ်လ အချိန် များတွင် တောင်၏ကြက်သရေကို ဆောင်သော ပန်းများလည်း ပွင့်ကြ၏။ ထိုပန်း၏ အမည်ကား (တောင်ကတုံးပန်း) ဟူ၍သာ ခေါ်ကြသည်၊ ထိုပန်းမျိုးကို အဘယ်ဒေသမှာမှ မပေါက်ရောက် မမြင်ဘူးပါ။ ဤတောင် ဒေသမှလွဲ၍ မရှိပါ။ ၎င်းပန်း၏ အရောင် အဆင်းမှာ နီပြေပြေ ပြာညိုရောင်အဆင်းနှင့် သင်းထုံရနံ့၊ ပျံ့တမွှေးမွှေး၊အေးအေး လှိုင်ကြူ၊ ခိုင်မဥ္ဇူသို့၊ မြင်သူအပေါင်း၊ ရှုမညောင်းအောင်၊ နှစ်ထောင်းအားရ၊ ပန်ဆင်ကြလို၊ ရှယ်နိုပျိုတို့၊ ထိုမှတပြား၊ စိန္တေယျာကို ပူဇာသက္ကာ၊ လူ့ဒါန်းကြ၍ နိဗ္ဗာနမည်၊မြို့ရွှေပြည်သို့ စိတ်ရည်နှတ်မြွက်၊ ဆုပန်နှတ်သည်၊ မပျက်ဆုံးခန်း၊ကတုံးပန်းဟူ အမည်တွင်လေသည်။

www.dhammaransi.com



ထိုတောင်ကတုံးမောင်တောင်တို့တွင်တည်ရှိသောကျောက်များမှာ ဗဟန်းကျောက်၊ သံကျောက်၊ သတ္တုကျောက်များဖြစ်ကြ၍ ထိုကျောက်များအကြား၌ ဒန့်သခွါးနွယ်၊ အင်ဘိုင်၊ ဆေးနီပင်များ ပေါက်ကြသည်၊ တောင်ပေါ်တက်သောအခါ လွန်စွာမောပန်းကြသော်လည်း တောင်ထိပ်သို့ ရောက်သောအခါ....

အရှေ့အနောက်၊ တောင်မြောက်ဝဲယာ၊ ရုပ်ဒိသာမှ
ဒါတာဝါယော ဒလဟောကြောင့်၊မောသည်နွမ်းသည်
ပင်ပန်းသည်ဟု သည်းအူဖြိုက်ဖြိုက် ပူအိုက်ကင်းဝေး
လေပြေသွေးက စိတ်အေးချမ်းသာ လွန်သာယာသည်
ဘယာနတ္ထိ ဘေးမရှိ။

ညနေချိန်တိမ်ဝင်းလို့ နေမင်းတဲ့ ရောင်သွယ်သွယ်၊
ဖလ်ချယ်တိုလေး၊ နီပြာဝါ ညိုမှောင်သန်းပြန်တော့
ကြည်သာယာ ဟိုတောင်တန်းမှာ နတ်ပန်းချီ ဆေးစုံ
ခွန်းသည့်နှယ် ဆန်းကြယ်လှလေး

ဟူသကဲ့သို့ ဘောင်ကတုံးစသော တောင်စဉ်တောင်တန်းကြီးများမှာ ညနေချိန်အခါ၌ နေဝါ၏ ရောင်ရှိန်ကြောင့် တောင်အသုံးထိန်ဝင်း၊ ရွှင်းသာယာ၊ နီပြာဝါညိုလဲ့လဲ့၊ ပြာနွဲ့နွဲ့ စိန်းညို့ညို့၊ မခို့တရို့ဝမိုင်း၍မြင်သူတိုင်း ရှုမဆုံးနိုင်တဲ့ ကြည်လင်ရှင်ပြုံး ဘောင်ကတုံးပါပေတည်း။

တောင်ကတုံးသည် ပင်လယ်ပြင်မှ ပေ ထောင့်သုံးရာ (၁၃၀၀)ကျော် မြင့်၏။ တောင်ခြေရင်းမှ တောင်ပေါ်သို့ တက်သော လမ်းမှာ ပတ်လမ်း၊ ဖြတ်လမ်းဟူ၍ နှစ်လမ်းရှိ၏၊ အောက်မှ အထက်သို့ ပတ်လမ်းအတိုင်း လက်ျာရစ်လည်၍ လှည့်ပြန့်တက်နိုင်၏၊ လွန်စွာ ခရီးဝေးလှသည်၊ ဖြတ်လမ်းမှာကား အောက် ရေတံခွန် ချောင်းမှ ကျောင်းကုံး၊ ကျောင်းကုံးမှ တောင်ပေါ်သို့တက်သောလမ်း ထိုလမ်းသည် လွန်စွာမတ်စောက်၍ ခရီးတိုပါသည်။

ဤသို့ပြဆိုအပ်ပြီးသော ရှုချင့်ဖွယ်ရာအဖြာဖြာနှင့် သာယာတင့်ဆန်း ရှုငမ်းမဆုံး တောင်ကတုံး၌ လွန်ခဲ့လေပြီးသော နှစ်ပေါင်းများစွာက ဘာဝနာတရားပွားများပျော်မွေ့လျက် မမေ့သော သတိဝီရိယနှင့် ပြည့်စုံလှပေသော ရသေ့သူမြတ် တဦးသည် ထိုတောင်ကို အမှီပြု၍ ကျောင်းကုံးတွင် သက်ငယ်ကျောင်း ပြုလုပ်၍လည်း၊ တောင်ခြေရင်း၌ရာသီမရွေး တသွင်သွင် စီးဆင်းလျက်ရှိသော ရေတံခွန်ချောင်းနား၌လည်း၊ မွေ့လျော်ဖွယ်၊ တင့်တယ် ကောင်းမြတ်သော သက်ငယ်ကျောင်းငယ်ကလေးပြု၍ လေးပါးဣရိယာပုထ်တစ္စာနှင့် ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်လျက် နေထိုင် သီတင်းသုံးလျက်ရှိ၏။ ထိုရသေ့ကြီးသည် တကိုယ်တည်း (၁၇၀၁) သွားလာ လှည့်လည်လျက် တောင်ထိပ်ပေါ်၌လည်း၊ တောင်အောက် တောင်ခြေ၊ တောင်ပတ်ဝန်းကျင်တို့၌လည်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းကာဖြင့် နှစ်ပေါင်းများစွာ နေလေ၏။

www.dhammaransi.com



ထိုသို့နေရာတွင် ရသေ့ကြီး တောင်ထိပ်သို့ ရောက်သော အခါတိုင်း ကျောက်ခဲတို့ကို စုပုံ၍ စေတီတော်ဟူသော အမှတ် အသားဖြင့် ပြုလုပ်ထားလေ၏။ ထိုရသေ့ကြီး၏ အမျိုးအမည် အဆက်အနွယ်မှာမူ ထင်ပေါ်ကျော်စောခြင်းမရှိပေ၊ နှာခေါင်း၌ ဝေဒနာရှိဟန်တူ၏၊ စကားပြောသောအခါ နှာသံပါသည်ဟု မံနွားရွာ ဆရာကြီး ဦးသိုက်နှင့် တာလီရွာ ဦးပုတို့ပြောပြ၍ ဆရာတော်၏စာတန်းဟောင်း မှတ်တန်းတင်ရေးသားထားပေသည်၊ သို့သော် အမှတ်အသားကောင်းစွာမသေချာပါ။

မံနွားကြီး ရွာဦးကျောင်း၌ နှစ်ချိုက် မွေ့လျော်၊ လေးဘော်ယာပထ မျှတရှင်ပြုံး သီတင်းသုံး နေထိုင်တော်မူသော သိက္ခာကာမ လဇ္ဇီပေသလ၊ ဝိနယဓရ၊ ဝိနယကုက္ကုစ္စ ဖြစ်တော်မူသော ဒုတိယမြောက်ဆရာတော် အရှင်ဂုဏသည် ထိုတောင်ကတုံးသို့ မကြာမကြာကြွသွားတော်မူ၍ ရသေ့ကြီးနှင့် တွေ့ဆုံကာ တရားသဘော ဟောပြောဆုံးမ ဩဝါဒဖြင့် ဆွေးနွေးမေးမြန်းလျက် နေလေ့ရှိတော်မူ၏။

ဆရာတော်နှင့် ရသေ့ကြီးတို့သည် ထိုတောင်ထိပ်၊ တောင်အောက် ရှိမြောင်စိမ့်စမ်းတို့ကို သွားလာ လှည့်လည်ကြရာ တောင်ပေါ်မှ ရှုမျှော်သည်ရှိသော် အရပ်လေးမျက်နှာကို မြင်တွေ့ရ၍ရင်း၊ လွန်စွာမြင့်မား သာယာလှသော တောင်ထိပ်အရပ်တွင် ရသေ့ကြီးစုပုံထားသောစေတီအမှတ်၊ ကျောက်ပုံကို မြင်တော်မူပြန်၍ စုပုံထားသော ဤနေရာ၌ ဗုဒ္ဓကိုယ်တော်စား ရည်မှတ်ပြီး လူနတ်အများ ကိုးကွယ်ဆည်းကပ်ကြစေရန် ရည်သန်နှလုံး ကိန်းဝပ်စုံးလျက် စေတီတော်မြတ်ကို တည်ထား

www.dhammaransi.com



ကိုးကွယ်လိုသောစိတ် ဖြစ်ပေါ်တော်မူ၍ ရသေ့ကြီးအား ပြောကြားတိုင်ပင် ဆွေးနွေးရာ ရသေ့ကြီးကလည်း လွန်စွာ သဘောကြသဖြင့် သင့်တင့်လျောက်ပတ် အလွန်ကောင်းမြတ် ကြောင်းကို ဆရာတော်အား ပြန်လည်လျှောက်ထားလေ၏။

ထိုသို့ ဆရာတော်နှင့် ရသေ့ကြီး သဘော တူညီကြသဖြင့် စေတီတော်ဘုရား တည်ထားကြရန် သန္နိဋ္ဌာန်ချတော် ရှိကြသည့်အတိုင်း ဖြစ်မြောက် အောင်မြင်နိုင်ကြောင်း အားထုတ် ကြိုးစားကြရမည်ဖြစ်ကြောင်း ဆုံးဖြတ် လိုက်ကြလေသတည်း။

ထိုအချိန်အခါ၌ ခုနှစ် သက္ကရာဇ်ကိုကား အတိအကျ စုံစမ်းရှာဖွေ၍ မရပါ။ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ရေးသားရပါတော့သည်။ အနုမာနအားဖြင့် စိစစ် ပေဖန် ရမည် ဆိုလျှင် ဗြိတိသျှခေတ် အစလောက်ကပင် ဖြစ်ပေ လိမ့်မည်၊ အဘယ်ကြောင့်ဆိုသော်ထိုအချိန်အခါက ဆရာတော် ဘုရားကြီးသည် ရွှေကူမြို့၏ ကျေးလက် ဒေသ ဖြစ်သော ကျေးတောကြီးခရိုင်နှင့် ချောင်းခရိုင် တဝှမ်းလုံး ကို တရားဓမ္မ သြဝါဒဖြင့်ဆုံးမဟောကြားကာ ဒါယကာဒါယိကာမအပေါင်း တို့၏ နိဗ္ဗာန် ရောက်ကြောင်းကောင်းကျိုး ချမ်းသာ မင်္ဂလာကို မျှော်ခေါ်ထောက်ထားသော သက်တော်ရှည်ဆရာတော်တပါး ဖြစ်လေ၏။

ဤကဲ့သို့ ဆရာတော်နှင့် ရသေ့ကြီးတို့တိုင်ပင်၍ ဘုရား တည်ရန် ကြံစည်ဆဲတွင် ကျွန်ုပ်တို့ မြန်မာပြည်ကြီးကို အင်္ဂလိပ် လူမျိုးတို့ အုပ်စိုးနေသဖြင့် တောင်တန်းဗိုလ်ခေါ် အင်္ဂလိပ်

www.dhammaransi.com



လူမျိုးသည် ဤတောင်ကတုံးနှင့် ကသာမြို့ မီးရထားလမ်း ဖက်ဆွတ်တောင်ကို ကြည့်မျှော်၍ မြင်ရသဖြင့် မှန်ချိန် (မှန်ပြ)တောင် အဖြစ် ကျောက်တိုင်စိုက်ရန် စီစဉ်လေသည်။

ထိုအကြောင်း ကိစ္စကို ဆရာတော်ကြီး သိတော်မူ၍ ဤတောင်ထိပ်တွင် ဗုဒ္ဓဘာသာတို့ အယူဝါဒ အားလျော်စွာ စေတီတော်ဘုရား တည်ထား ကိုးကွယ်ရန် စေတီ ကျောက်ပုံ အမှတ်အသားပြုလုပ် သတ်မှတ်ထားကြောင်း၊ စေတီကျောက်ပုံ ကိုလည်း ပြ၍ ပြောဟော သဖြင့် အဆင်ပြေမှု ရလေ၏။ မကြာမီ ဆရာတော်နှင့် ရသေ့ကြီး တို့သည် ကျောက်အုတ် အနည်းငယ်ဖြင့် စေတီငယ်တဆူကို အဆောတလျင် တည်ထား လိုက်ကြလေ၏။ ဤကားပထမအကြိမ်ပင်တည်း။

ထိုနောက် သက္ကရာဇ် ၁၂၇၀ ပြည့် နောက်တွင် ကျေးတောကြီးခရိုင်ချောင်းခရိုင်ရှိအားလုံးသောသူကြီး၊လူကြီး များကို မံနားကြီးကျောင်း၌ အညီအညွတ် စီးဝေးစေပြီးလျှင် တောင်ကတုံး ထိပ်ပေါ်တွင် တည်ထားသော စေတီငယ်ကို အသစ်ထပ်မံ တိုးချဲ့ပြုပြင်လိုကြောင်း ဆရာတော်က အမိန့်ရှိ ဟောပြော သဖြင့် ဒါယကာ၊ သူကြီး၊ လူကြီး တို့ကလည်း သာသနာတော်၌ ယုံကြည် လေးစား အားထား ကိုးကွယ် ဆည်းကပ်သည် အားလျော်စွာ အချင်းချင်း တိုင်ပင် ညီညွတ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီးလျှင် ဆရာတော်၏အမိန့်တော်ကို တသဝေမတိမ်း လိုက်နာ ဆောင်ရွက်ကြလိုကြောင်း လောက ဓမ္မ နှစ်ဝသောအကျိုးကို မျှော်ကိုး တောင့်တလျက် အားထက်

သယော သဘောတူညီစွာ ပြုလုပ်လိုကြကြောင်း ဆရာတော်ဘုရားကြီးက ဦးစီးနာယက ပြုလုပ်တော်မူ၍ ဆရာတော်၏ဆန္ဒတော်အတိုင်း လိုက်နာဆောင်ရွက်ကြရန်အသင့်ဖြစ်ကြောင်းများကို တာဝန်ယူကာ လျှောက်ထားကြလေသတည်း။

ထိုအခါ ဆရာတော် ဘုရားကြီးသည် ဒါယကာများ လျှောက်ထားချက် အရ ဦးစီးနာယက ပြုတော်မူ၍ ပန်းရံအလုပ်သမားများ ငှါးစေပြီးလျှင် တောင်၏အရှေ့တောင်ဖက် တောင်ခြေရင်း ဖြစ်သော လယ်ဘုတ် ခေါ်သော အရပ်၌ အုတ်များကို ပြုလုပ်စေပါသည်။ ထိုအရပ်၌ အုတ်တလင်း အုတ်ကျင်းများမှာ ယခုအချိန်အထိ ရှိပါသေး၏။ လယ်ဘုတ်မှ အုတ်များကို တောင်ပေါ်သို့ခဲယဉ်းစွာတင်ရသဖြင့် နောက်တဖန် တောင်ပေါ်သို့ တက်ရင် လွယ်ကူစွာ သယ်ယူနိုင်စေရန် ယခု ပွဲတော်ကျင်းပရာ ဖြစ်သော ရေတံခွန်ချောင်းအနီး၌ အုတ်များ ပြုလုပ်စေပြန်ပါသည်။

ထိုပွဲခင်းမှ အုတ်များကို ပေ ၁၃၀၀-ကျော် မြင့်သော တောင်ပေါ်သို့တင်ခြင်းမှာဘုရားတန်ခိုးတော်နှင့် သာသနာ စောင့် တောင်စောင့်သော နတ်များ၏ စောင့်ရှောက်မှုကြောင့်၎င်း ဆရာတော်ဘုရား မေတ္တာစေတနာ နိုးဆော်ခါ ပြုမှုကြောင့်၎င်း စေတနာ သဒ္ဓါတရား ပြည့်ဝ ကြသော ခရိုင်သူ ခရိုင်သား အားလုံးသော ဒါယကာ ဒါယိကာမ တို့သည် အုတ်များကို တဦးမှတဦးသို့ လက်ဆင့်ကမ်းလှမ်း၍ တင်ဆောင်ကြခြင်း ကား ဘေးမသီ ရန်မခ အောင်မြင်စွာ တောင်ထိပ်ပေါ်သို့ ရောက်လေ၏။

www.dhammaransi.com



ယင်းကဲ့သို့ လက်ဆင့်ကမ်း၍တသွယ်၊ ထမ်း၍သယ်ခြင်း တဝ စသည်တို့ကြောင့် အလုံးစုံသော အုဋ်များသည် အောင်မြင်စွာ တောင်ထိပ်သို့ ပို့ဆောင်ကြပြီးလျှင် ယခင် ပထမ တည်ထားသော ဗုဒ္ဓမေသရီ ဓာတု စေတီတော် မြတ်ကို နောက်ထပ်တဖန်ကြီးကျယ်အောင် မွန်းမံ၍=

အုဋ်ရှစ်အစ်ကေး၊ တင်လဲဒွေး၊ အုတ်တုံပဥ္စ ကျဲကေဒ်ဆ
ဟူသော အင်္ဂတစနှစ်ဖြင့် အသစ်ငုံ၍ ကဲမံ တည်ကြ
ပြန်လေသည်။ သစ်သား တံခွန်တိုင်ကြီးပါကောင်းစွာ
စိုက်ထူ၍ ပြီးစီးအောင်မြင်ကော် မွဲနှံ့လေသည်၊
ဤကား ဒုတိယအကြိမ် တည်ထားကိုးကွယ်ခြင်းပင်တည်း။

## သင်္ကြာရာဇ်ကို ဝေဖန်ပုံ

ဤသို့ တောင်ကတော့ စေတီတော်ကြီးကို ဒုတိယအကြိမ် ထပ်မံ၍ တည်ထား ကိုးကွယ်သည် ဟူရာ၌ သက္ကရာဇ်ကို ဝေဘန်ရာ၏။ မံနှားကြီးသိမ်သည် ၁၂၅၆-ခု ပြာသိုလပြည့်ကျော် (၇)ရက် ၄-ဟူးနေ့ ၂-ချက်တီးကျော် ၇-ဘွာ ၁-ပ် အချိန် သမုတ်၍ ပြီးစီးအောင်မြင်သည်။

ခေါင်းလောင်းကြီးမှာ ၁၂၆၃-ခု ကဆုန်လပြည့်နေ့ ပြီးစီး အောင်မြင်သည်။ ကြေးချိန် ( ၁၄၀ )ပိဿာ ရှိ၏။ မတောင်ကတော့သိမ်သည် ၁၂၇၃-ခုနှောင်းတံခူးလဆန်း ၅-ရက် ၆-ကြာနေ့ နံနက် ၁-ချက်တီးကျော် ငက်၁၀-နာရီ အချိန် သမုတ်၍ ပြီးစီးအောင်မြင်သည်။

www.dhammaransi.com



တောင်ပေါ်ရှိ ခေါင်းလောင်းကြီးမှာ ၁၂၇၀-ပြည့် ဘုံကူးလပြည့်ကျော် ၃-ရက် ၄-ဟူးနေ့ ပြီးစီးအောင်မြင်သည်။ ခြေးချိန် (၁၇၀)ပိဿာရှိ၏။

ဤကျောက်စာ ကမ္ဗည်း တို့ကို ဝေဘန် လိုက်သော် မ္မ်နားကြီးသိမ်အတွင်း(၁၄)တောင်၊(၂)လက်မရှိ ရုပ်ဖော်မှု ရုပ်ပွားတော်ကို စိမ့်ထုလုပ်ခြင်း ကြီးကျယ်သော သိမ်တိုက် တော်ကို ဆောက်လုပ်ခြင်းစသော အမှုကိစ္စတို့ကို ကြည့်ခြင်း အားဖြင့် တောင်ကတုံး၌ ပဌမစေတီတော်အဖြစ် ကျောက်ပုံ တည်ထားခြင်းကား ကြာမြင့်ပြီဖြစ်ပါလိမ့်မည်။

ထိုနောက်ဒုတိယအကြိမ် ဤကျောက်ပုံ စေတီနေရာ၌ပင် အသစ်ငုံ၍ (အုဌ်ရှစ်စေ်ကေး အင်္ဂတေဖြင့်) တည်ထားသော စေတီတော်သည် သက္ကရာဇ် (၁၂၇၀)ပြည့်နှစ်၌ရင်း၊ ၇၁-ခု ၇၂-ခုနှစ်တို့၌ရင်း ၁၂၆၀-ခု ၁၂၆၉-ခုက သော်ရင်း၊ ရှေ့နောက်ကို ဝေဘန်ရာ၏။

တောင်ကတုံးသိမ် ၁၂၇၃-ခု ကျောက်စာအရ ကျောင်း ဆောက်ခြင်း၊ သိမ်သမုတ်ခြင်းတို့မှာ ဘုရားတည်၍ ပြီးမှ ပြုလုပ်သည့်အတွက် အမှန်မှာ သက္ကရာဇ် ၁၂၇၀ပြည့်နှစ်မှာ ဖြစ်တန်ရာ၏။

ဤကား သမိုင်းစာအုပ် ဖြစ်မြောက်ရန်အတွက် မှတ်စု ခုတ်ဘန်းဖြင့်ရင်း၊ စုံစမ်းရှာဖွေ၍ရင်း မှတ်သားရေးပေးတော်

www.dhammaransi.com



မှူးသော မံနားကြီးကျောင်း ပဌမမြောက် (စာရေးသူ၏) ဆရာတော်ဘုရား၏ အနုမောဒနာအားဖြင့် ဒုတိယဘုရားတည်ခြင်း၏ သက္ကရာဇ်ပေးတည်း။

ဒုတိယအကြိမ် ဘုရားတည်ပြီးနောက် မကြာမြင့်မီပင် အချိန်ကာလအတွင်းမှာပင် ရသေ့သူမြတ် (တာပသ)လည်း ဘဝနတ်ထံသို့ပြောင်းရွှေ့စံမြန်းသည်ဟု ယူဆရပါ၏။

ဘုရားစတည်တော်မူခဲ့သော ဆရာတော် ဘုရားကြီးသည် သက္ကရာဇ် ၁၂၈၀-ပြည့်နှစ် ၁၂၈၁-ခုနှစ်များ၌ ယခုရှိစေတီတော်မြတ်ကြီးကို တတိယအကြိမ် အသစ်ထပ်မံတိုးချဲ့တည်လိုပြန်သဖြင့် ယခုဖူးတွေ့ရသော ဘိနပ်တော်၂၄တောင်ရှိအတိုင်းအထွာကို ဆရာတော်ဘုရားကြီးကိုယ်တိုင် စီမံ တိုင်းထွာ၍ ဘိနပ်တော်ကို အနည်းငယ်မျှ ပြုလုပ်ဆောင်ရွက်နေစဉ်အတွင်းမှာပင် သက္ကရာဇ် ၁၂၈၂ ခုနှစ် ပြာသိုလတွင် ဘဝနတ်နန်းသို့ စံမြန်းတော်မူလေ၏၊ သက္ကရာဇ် ၁၂၈၃-ခုနှစ် တပို့တွဲလမှာပင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်မြတ်ကို သာရေကိုင်နှန်အဘင် ဆင်ယင်ကျင်းပ၍အနန္တမျှသော ပူဇော်ပွဲပြုလိုက်ရပါသတည်း။

တခန်းတခန်း၊ ရှေ့သို့လှမ်း၍၊ မျှော်မှန်းဆကာ၊ နှစ်လကြာသော်၊ ဆရာတပဿ၊ ဘဝတပါး ကြွသွားပြီးနောက်၊ ရောက်သည့်ကောဇာ၊ ထောင့်နှစ်ရာ ရှစ်ဆယ်၊ စွန်းဘယ်နှစ်ခု၊ (၁၂၈၂)ခု တုပေါမ

www.dhammaransi.com



ပြာသိုလတွင် ဂုဏအသျှင် ထေရ်သခင်မှာ လူ့ခွင်ဌာန၊
ငြိုးငွေ့လှ၍၊ ပြောင်းကြွနတ်ထံ၊ ပျော်ပါးစံသည်၊
အနိစ္စံခယ ယွင်းမစွ၊

ထိုသို့ ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပြန်လွန်တော်မူပြီးနောက် တောင်ကတုံး စေတီတော်မြတ်ကြီးအား အသစ်ထပ်မံ ငုံတည်ရန်ကိစ္စသည်လည်း ရုတ်တရက် အထမမြောက် ရှိရပြန်လေသည်။ ထိုကာလအတွင်း စေတီတော်မြတ်ကြီး၏ တန်ခိုးတော် ညှိုးလျော်သောအခါအခွင့်ကြောင့် မသင့်သော ဓါတ်သဘာဝကြုံကြိုက်လာ၍ နတ်နှင့်တကွသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ကြည်ဖြူသဒ္ဒါ စေတနာဗလဝမြှင့် ဆည်းကပ်ပူဇော် ဖူးမျှော်၍မဝ ရှိကြသမှာပင် စေတီတော် မြတ်ကို မိုးကြိုးခ၍ တချို့တဝက် ပျက်စီးခြင်းသို့ ရောက်ရှိ လေ၏။

မံနွားကြီးကျောင်း၌လည်း ဒုတိယ ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပြန်လွန်တော်မူပြီးသည့်နောက် ဆရာတော် ဘုရားကြီး၏ တပည့်ကြီးဖြစ်တော်မူသော (အရှင်ဝိဇယ) ဘွဲ့အမည်ရှိ ဆရာတော်က တတိယဆရာတော်အဖြစ် ဆက်လက်သီတင်းသုံး နေတော်မူလျက် ဒါယကာ ဒါယိကာမ အပေါင်းတို့အား လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများစေခြင်းငှါ သိမ်တော်ကြီးဘုရားနှင့် တောင်ကတုံးစေတီတော်မြတ်ကြီးကိုပင် ဆရာသခင် ကျေးဇူးရှင်၏ သွန်သင်နှယ အဝဝတို့ဖြင့် မပျက် အစဉ် ပြုပြင်လျက် နေလေ၏။

www.dhammaransi.com



# တောင်ကတုံး စေတီတော်မြတ်ကြီး ကို တိုးချဲ့ပြုပြင်ပုံ။

သက္ကရာဇ် ၁၂၇၇-ခုနှစ်တွင် ရွှေကူမြို့နယ် (ဦးလေးကြီး) အမည်ရှိသော မြို့အုပ်မင်းသည် တောအုပ်ကြီး (ဦးစံ) နှင့်အတူ မိမိတို့ စောင့်ရှောက် ထိမ်းသိမ်းရသော ကျေးလက်ဒေသ ရပ်ရွာများကို လှည့်လည်ခဲ့လေရာ တောင်ကတုံးနှင့်မနိုးမဝေး တောရွာတရွာ၌ စခန်းချ၍နားနေကြရာ ညအခါသို့ ရောက်သောအခါ တောင်ပေါ်စေတီတော်မှ တန်ခိုးပြာဋိဟာပြ၍ ဓါတ်တော်ကွန့်မြူးသည်ကို ဖူးမျှော်ရလေသည်။

နံနက်သို့ရောက်သောအခါ မိမိ၏ အပေါင်းအဖေါ်များကို ပြောကြား၍ တောင်ပေါ်သို့ တက်ကြည့်ကြရာ ထီးတော်ကို မိုးကြိုးခ၍ ပျက်စီးနေသော စေတီတော်ကို ဖူးတွေ့ရလေ၏။ ထိုအခါစေတီတော်ကြီးကို ပြန်လည်၍ ပြုပြင် ဆောင်ရွက်လိုသော သဒ္ဓါပသန္နစိတ်များ ဖြစ်ပေါ်လာကြလေ၏။

မှတ်ချက်-တောရွာတရွာ ဆိုရာ၌ ခေါလဲ၊ လမ်းကူး၊ ကိုင်းရွာ၊ တော်လှန် ငင်းလေးရွာ အဘယ်ရွာ ဟူ၍ အတိအကျ မသိရပေ။

သို့နှင့် မြို့ပိုင် (ဦးလေးကြီး) နှင့် တောအုပ် (ဦးစံ) တို့သည် စေတီတော်ကြီး ၏ တည်ထားသော အကျိုး အကြောင်းကို ရပ်ရွာ သူကြီးလူကြီး များအား မေးမြန်း၍

www.dhammaransi.com



အကြောင်းစုံသိရသဖြင့် မ"နားကြီးကျောင်း တတိယဆရာတော် (ဦးဝိဇယ) ထံ သွားရောက် လျှောက်ထားလေ၏။ ထိုသို့ လျှောက်ထား ပန်ကြားပြီးလျှင် ဘုရားပြုပြင်ရန် အတွက် ခရိုင်တွင်းရှိ ဒါယကာ ဒါယိကာမ အပေါင်း တို့အား နှိုးဆော်တိုက်တွန်းလေ၏။ ထိုအခါ တောင်အောက်က အုတ်များကို တောင်ပေါ်သို့ လွယ်ကူစွာတင်နိုင်ရန် အတွက်လည်း မြို့ပိုင်မင်းနှင့် တောအုပ်ကြီးတို့သည် မိမိတို့၏ အာဏာနှင့် စပ်ရာဖြစ်သော ကျေးတောကြီး ခရိုင်၊ ချောင်းခရိုင်ရှိ လူအများကို ခေါ်ယူ တိုင်ပင် ပြောဟောပြီးလျှင် တောင်အောက်က အုတ်များကို တောင်ပေါ်သို့ လှည်းဖြင့် တင်နိုင်ရန် တောင်ကို လက်ျာရစ် လည်၍ လမ်းများကိုလည်း မိမိတို့ ကိုယ်တိုင် ကြပ်မတ် စောင့်ရှောက် ကွတ်ကဲကြလျက် ယာယီ တဲခန်း ဆောက်သုပ် ကြပြီးလျှင် မိသားစုအစုံအလင်နှင့်နေထိုင်လျက် လူအများအား ဖေါက်လုပ်စေ၏။

တောင်အောက် ရေတံခွန်မှ တက်သွားသော် ကျောင်းကုန်းသို့ ရောက်၏။ ကျောင်းကုန်းမှအနည်းငယ်တက်သွားသော် လှည်းသွားနိုင်ရန် ဖေါက်လုပ်ထားသော တောင်ပတ်လမ်းသို့ ရောက်၏။ ထိုလမ်းနှစ်ခုဆုံမိရာ၌ မြို့ပိုင်မင်းတို့ နေထိုင်ခဲ့သော တဲခန်းနေရာရှိ၏။ ထို့ကြောင့် ထိုနေရာအရပ်ကို(မြို့အုပ်ကုန်း) ဟု ယခုတိုင် ခေါ်တွင်လျက်ရှိလေသည်။

ထိုသို့ မြို့ပိုင်မင်း ကိုယ်တိုင် စောင့်ရှောက် ကြပ်မတ်ပေး သည်ကို ကျေးတောကြီးခရိုင်၊ ချောင်းခရိုင်ရှိ အားလုံးသော

www.dhammaransi.com



လူအပေါင်းတို့သည် နှစ်ခထောင်းအားရ ဝမ်းမြောက် ဝမ်းသာ ရှိကြလေ၏။ မိမိတို့ တာဝန်ကြသော လမ်းဖေါက်လုပ်ခြင်း ကိစ္စကိုလည်း စေတနာသဒ္ဒါတရား ထက်သန်စွာဖြင့် မကာတ်မခို ဝီရိယဗိုလ် လက်စွဲလျက် ပြီးမြောက် အောင်မြင်ပွဲကို ရလေ၏။ ဤကဲ့သို့ ဆောင်ရွက် ပြီးစီးသော အခါ ဆရာတော်နှင့် တကွ မြို့ပိုင်မင်း တောအုပ်ကြီးတို့သည် ခရိုင်းတွင်းရှိ ရွာသူ ရွာသား တို့အား တောင်အောက်က အုဌ်ကို တောင်ထိပ်ပေါ် သို့ လည်းများဖြင့် တင်ဆောင် ပို့စေ ပြန်သည်။ ဤနည်းဖြင့် မကြာမီ အုဌ်များစွာ တောင်ထိပ်ပေါ်သို့ ရောက်လေ၏။ ထိုစဉ်အခါက ဖေါက်လုပ် ထားသော လမ်းသည် ယခုတိုင် ထင်ရှားလျက် ရှိပါသေး၏။

တောင်ပေါ်၌ အုဌ် သဲ၊ ထုံးတို့ ပြည့်စုံပြီးသည်ရှိသော် မံနားကြီးကျောင်း (တတိယမြောက်)ဆရာတော် အမှူးပြုသော မြို့ပိုင်မင်း၊ တောအုပ်ကြီး၊ ခရိုင်လူကြီး သူကြီးများ တို့သည် ပန်းရံအလုပ်သမားများကို ငှား၍ (ပြန်လွန်တော်မူပြီး ဒုတိယ မြောက် မံနားကျောင်း ဆရာတော် ဘုရားကြီး သက်တော် ထင်ရှားရှိစဉ်အခါ၌) တတိယအကြိမ်စေတီတော်၏ ဘိနပ်တော် (၂၄)တောင် တိုးချဲ့၍ အသစ်ငုံတည် ထားကဲ့သည့် အတိုင်း အထက်သို့ ဥာဏ်တော် အမြင့် (၃၂)တောင် အထိ စေတီရံ (၄)ဆူ၊ ပန်းအိုး (၈)လုံး၊ နတ်မုခ်၊ နတ်ကလုခါး (၃)ခုစီနှင့် တကွ ပြည့်စုံကောင်းမွန်တင့်တယ်စွာ ပြီးမြောက်အောင်မြင်စွာ တည်ထား ပြုပြင်လေသည်။ ထီးတော်ကား မတင်ရသေးချေ။

www.dhammaransi.com



မှတ်ချက်။ ယခုအချိန်ထိဖူးတွေ့နေကြရသော စေတီတော် မြတ်ကြီးပင်တည်း၊ တောင်ပေါ်သို့ အုဋ္ဌမျှား တင်ရန် ပေါက်လုပ်သော ကောဇာသက္ကရာဇ် သည် ၁၂၈၈-ခုနှစ် ဖြစ်၍ တတိယ အကြိမ် မြောက် စေတီဟောင်းကိုငုံ၍ အသစ်ထပ်မံ ပြုပြင်သော ကောဇာသက္ကရာဇ်မှာ ၁၂၈၉-ခု နှစ် ဖြစ်ပါသည်။

ထီးတော်တင်လှူရန် စီမံ၍ ထီးတော်ကိုလည်း မန္တလေး မြို့၌ ပြုလုပ်ခိုင်းဆဲမှာပင် သက္ကရာဇ် ၁၂၉၇-ခုနှစ် တပေါင်း လတွင် တတိယမြောက် မံနားကြီးကျောင်း ဆရာတော် (ဦးဝိဇယ)သည် သက်တော် (၄၆)နှစ် သိက္ခာတော်(၂၆)ဝါ အရ ဘဝနတ်ထံ ပြန်လွန်တော်မူလေ၏။

ထိုသို့ တတိယဆရာတော် ပြန်လွန်တော် မူပြီးသည့်နောက် မံနားကြီးကျောင်း၌ (ဦးပညာသာမိ) ဘွဲ့အမည် ရှိတော် မူသော တပည့်ကြီးက စတုတ္ထမြောက် ဆရာတော်အဖြစ် ဆက်လက်၍ သီတင်းသုံးနေတော်မူ၏။ ထိုသို့ သီတင်းသုံး၍ ကောဇာသက္ကရာဇ် ၁၂၉၈-ခု တပို့တွဲလသို့ ရောက်သော အခါ၌ ပွဲသဘင်ကျင်းပ၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့နှင့် အုပ်အော်သောင်းသောင်း ချိမ့်ချိမ့်ညောင်းလျှက် ညိမ့်ညောင်း သာယာ ဒူရိယာအစုံတို့ဖြင့် စေတီတော်ကြီးအား ထီးတော်ကို တင်လှူပူဇော်ကြလေသတည်း။

သက္ကရာဇ် ၁၂၉၅-ခုနှစ်ကစ၍ သီလ သမာဓိ ပညာနှင့် ပြည့်စုံတော်မူသော ရွှေဘုံသာကျောင်း ဆရာတော် ဘုရားကြီးသည် တတိယမြောက် မင်းနားကြီးကျောင်း (ဦးဝိဇယ) ဆရာတော်နှင့်အတူ ဘောင်ကတုံး တောင်ပေါ်ကျောင်း၌ လေးဘော်ယာပထ မျှတရှင်ပြုံး သိဘင်းသုံး နေထိုင်တော်မူကြ၍ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းတော် မူကြဘူး၏။ ထိုရွှေဘုံသာ ဆရာတော်သည်၊ ဆရာတော် ဦးဝိဇယ ပြန်လွန်တော် မူပြီးသည့်နောက်တွင်လည်း တောင်ကတုံးတောင်တော် မြတ်ကြီးကို အမှီပြု၍ ပါကပ် သိဘင်းသုံးနေတော်မူမြဲဖြစ်၏။ ထိုသို့သိဘင်းသုံးလျက်ရှိသော ရွှေဘုံသာ ဆရာတော်ဘုရားသည်လည်း စတုတ္ထမြောက်ဖြစ်သော မင်းနားကြီးကျောင်း ဦးပညာသာမိ ဆရာတော်နှင့် ကိုစွကြီးငယ် အသွယ်သွယ်တို့ကို ဘိုင်ပင်နှိုးဆော်၍ ထီးတော်တင်လှူ ပူဇော်ခြင်း စသော ဗုဒ္ဓ ဝေယျာဝစ္စ အဝဝတို့၌လည်း ဝါဝင်ဆောင်ရွက်စဉ် ကာလ အတွင်းမှာပင်လျှင် စေတီတော်ကြီး၏ အရှေ့မျက်နှာ၌ အာရုံခံတဆောင်း ဆောက်လုပ်၍ ဗုဒ္ဓရုပ်ပွားတော် တဆူ ကိုးသည်း တည်ထားကိုးကွယ်ကြရန် သဘောတူ ဆွေးနွေး တိုင်ပင်ကြပြီး ဖြစ်လေသည်။

ယင်းသို့ အစီအအစဉ် ရှိကြသည့်အတိုင်း ဗုဒ္ဓရုပ်ပွါးတော် မြတ်ကြီး တည်ထားကိုးကွယ်ကြရန်အတွက် ကြေး၊ ရွှေ၊ ငွေ စသည်တို့ကို ကောဇာသက္ကရာဇ် (၁၂၉၀-ခု ၁၂၉၉-ခု ၁၃၀၀) ပြည့်နှစ်တို့တွင် အရပ်ဒေသဟူသမျှ၌ အလှူခံ ရှာဖွေ စုဆောင်းကြလေသည်။

ပြုဆိုခဲ့သော ကြေး၊ ငွေ၊ ရွှေ စသော ပစ္စည်းဝတ္ထုများ ပြည့်စုံလေသော် ထိုပစ္စည်းများကို မန္တလေးသို့ပို့ဆောင်ပြီးလျှင် ဉာဏ်တော် (၄)တောင် (၂)မိုက် ရှိသော မဟာမြတ်မုနိ ပုံနှင့်တူစွာ ဗုဒ္ဓရုပ်ပွားတော်ကြီးတဆူကို ခိုင်းစေ၍ ရုပ်ပွားတော်ကြီး ပြီးစီးသောအခါ မန္တလေးမြို့မှရွှေကူမြို့သို့ပင့်ဆောင်ကြပြီး ရွှေကူမြို့မှ တောင်ကတုံးအနီး ခေါ်လဲရွာသို့ ခရိုင်သူ ခရိုင်သား ဒါယကာဒါယိကာမ အကြီးအငယ် အရွယ်အလတ် အပေါင်းတို့နှင့် စည်ကားသိုက်မြိုက်စွာပင့်ဆောင်ကြလေသည်။

ကောဇာသက္ကရာဇ် (၁၃၀၁)ခုတပေါင်းလပြည့်ကျော် (၄)ရက်နေ့တွင် တောင်ကတုံးခြေရင်းရှိ ပွဲခင်း၌ ဗုဒ္ဓပူဇော်ပွဲ ကျင်းပလျက် ၎င်းနေ့၌ပင် ရုပ်ပွားတော်မြတ်ကို ခေါ်လဲရွာမှ ပွဲခင်းသို့ တဖန် ပင့်ဆောင်ကြပြီး (၅)ရက်နေ့ နံနက် အာရုံတက်သော အခါတွင် ထိုပွဲခင်း၌ပင် အနေကဇာ တင်ခြင်း ဆွမ်းတော်ကြီးကပ်လှူခြင်းတို့ကိုပြုလုပ်ဆောင်ရွက်ကြလေသည်။

နံနက် (၈)နာရီ အချိန်တွင် ရထားယာဉ် ပေါ်သို့ ပင့်ဆောင်ကြပြီးလျှင် ပွဲခင်းမှသည် တောင်ပတ်လမ်း၊ တောင်ပတ်လမ်းမှသည် တောင်ပေါ်သို့ အစဉ် အတိုင်းသော ခရီးဖြင့် တူရိယာ မျိုးစုံတို့ တီးမှုတ်နှိုးဆော်လိမ့်၍ ချိုမြိန် သာယာစွာ တီးမှုတ်ကခုန်ကြလျက် နှစ်သက်ရွှင်လန်း ဝမ်းမြောက် ဝမ်းသာ မရေမတွက်နိုင်သော လူထုပရိသတ်တို့နှင့် ပင့်ဆောင် ကြလေ သတည်း။

ယင်းသို့ ပင့်ဆောင်ကြရာတွင် လူရှင်ရဟန်းမပင်ပန်းစေဘဲ ညီးနွမ်းမရှိ ပကတိ ကျန်းမာ ရွှင်လန်း ချမ်းမြေ့ သာယာစွာ

www.dhammaransi.com



ဖြင့် ပုဂ္ဂါတဘက်၊ ကြိုးမျှားဆက်ရှ်၊ လက်နှင့်ဆွဲယူ၊ တွန်းသူကတွန်း၊ မစွန်းမငြိ၊ နှံ့မရိုကြ၊ အားမရနိုင်၊ မြိုင်မြိုင်ဝေဝေ၊ တောင်ခြေခါးပန်း၊ တောင်တက် လမ်းဝယ်၊ တင့်တယ်သာမော၊ အံ့သြမကုန်၊ သဒ္ဒါပဟုတ်တို့ကြောင့်၊ နတ်ဘုံခြောက်ရွာ၊ ထက်ပြဟ္မာသို့၊ မြန်စွာမချို့၊ ပင့်ဆောင်ပို့သည့်အသား ဗုဒ္ဓကိုယ်စားတော်မြတ် ဖြစ်တော်မူသော ရုပ်ပွားတော်မြတ်သည် ဦးဝမြေကြီး ပဲ့တင်ဟီးမျှ ဆော်တီးမျိုးစုံတို့ဖြင့်အောင်ဘိသိက် ခြိုလျက် တောင်ထိပ်သို့ ရောက်တော်မူသတည်း၊

ဤသို့ အစဉ်အားဖြင့် ဗုဒ္ဓရုပ်ပွားတော်ကြီး တောင်ထိပ်ပေါ်သို့ ပင့်ဆောင်ကြပြီး သင့်တင့်လျောက်ပတ်စွာ အာရုံခံမုခ်အတွင်း၌ မိုတင်းစံပျော်၍ လူနတ်ပြဟ္မာ သတ္တဝါတို့အား သနားဂရုဏာ မေတ္တာရှေးရှု၊ အာရုံပြုလျက်၊ ယခုထက်တိုင်၊ ဘုန်းလိုင်ပွင့်လင်း၊ သီတင်းသုံးတော်မူလျက် ရှိတော်မူ၏။

မှတ်ချက် = စတုတ္ထဆရာတော် ဦးပညာသာမိသည် သက္ကရာဇ် (၁၃၀၈)ခု ကဆုန်လ၌ လူဝတ်လဲပြီး ယခုထက်တိုင် မံနားရွာ၌ နေလျက်ရှိ၏။

သက္ကရာဇ် ၁၃၀၉-ခု နှစ်သို့ ရောက်သော အခါ၌ကား မံနားကြီး ကျောင်း၌ သိဿာနု သိဿ ဖြစ်တော်မူသော (ဦးကောဝိဒ)အမည်ရှိ ပဉ္စမမြောက်ဆရာတော် သီတင်းသုံးတော်မူ၏၊ ထိုခေတ်ကာလဝယ် ပန်းဘင် အမည်ရှိသော ရွာကျောင်း၌လည်း ဦးနန္ဒိယဘွဲ့ သညာ ရှိတော်မူသော ဆရာတော် သီတင်းသုံးတော်မူ၏၊

www.dhammaransi.com



ထိုပုဂ္ဂိုလ် နှစ်ပါး တို့တွင် ပန်းတင်ရွာကျောင်း ဆရာတော် ဦးနန္ဒိယသည် မ'နားကြီးကျောင်းဆရာတော် ဦးကောဝိဒထက် အသက် သိက္ခာ ဝါအားဖြင့် ကြီးတော် မူသဖြင့် ၎င်းဦးနန္ဒိယ ဆရာတော်ကိုပင် ပထမ ဂဏာ စ ရိယ၊ ဂဏာ ပါ မောက္ခ တင်မြှောက်ပြီးလျှင် မ'နားကြီးကျောင်း ဆရာတော်ကို ဒုတိယ ဂဏာ စရိယ၊ ဂဏာပါမောက္ခ အဖြစ် တင်မြှောက်တော် မူကြလေ၏။

ထို ဆရာတော် နှစ်ပါး၏ လက်ထက်တော် အခါတွင် ရှေးဆရာတော် အဆက်ဆက်က ဆောင်ရွက် ပြုလုပ်ကိုးကွယ် ကြစဉ် အခါအခွင့်မသင့်သေး၍ မပြီးသေးဘဲ ကျန်ရစ်နေသော တောင်ကတုံးစေတီတော်ကြီးနှင့် ရုပ်ပွားတော် ပလ္လင်တော် အခင်းမရှိသော အာရုံခံတန်ဆောင်းများကို ပန်းတင်ဆရာတော် မ'နားဆရာတော် အမှူးပြုသော အထက် (ချောင်း)ခရိုင် အတွင်းရှိ သံဃာတော်အရှင်မြတ်များက ဒါယကာဒါယိကာမ တို့အား တရားဓမ္မ ဟောညွှန်ပြ၍ ပြီးစီးအောင်မြင်စေရန် ဆောင်ရွက်တော်မူကြလေသည်။

ထိုသက္ကရာဇ် ၁၃၀၉-ခုနှစ်တွင်ပင် တောင်ပေါ်ရှိ စေတီတော်နှင့် ရုပ်ပွားတော်မြတ်ကြီးတို့ကို ဆွမ်းတော်ကြီးကပ်လှူခြင်း ရွှေသကၤန်းပူဇော်ခြင်း အစရှိသော ဗုဒ္ဓကိစ္စ ဟူသမျှတို့ကို ပြုလုပ်ကြလေသည်။

၎င်းကား ယခုထက်တိုင် သက်တော်ထင်ရှား ရှိတော်မူကြသော နာယကဆရာတော်များ၏ ဆောင်ရွက်မှုအစပေတည်း။

www.dhammaransi.com



ရင်းနှစ်ဦးပင် ဝသန္တ မိုးဥတုသို့ ကျရောက်သောအခါ ဒုတိယအကြိမ် စေတီတော်မြတ်ကြီးကို မိုးကြိုးခသဖြင့် ပိန်ဖူးတော် မြေကျပြုန်ခဲ့လေသည်။ အရှေ့ဘက် ထီးတော် အောက်မှစ၍ တတိယ ပစ္စယာသို့ ရောက်အောင်လည်း စေတီတော်မြတ်ကြီး ပဲ့ရွဲ့ပျက်စီးခြင်းသို့ ရောက်လေ၏။ စေတီတော်မြတ်မှလည်း ဓါတ်တော် ကွန့်မြူးခြင်းသည် ဖြစ်တော်မူ၏။ ဤသို့ ဓါတ်တော် ကွန့်မြူးသည်ကိုလည်း ရဟန်းရှင်လူဟူဟူသမျှ ဝေနေယျတို့တည်း မကြာခန ဖူးတွေ့ကြရလေ၏။ ဤသို့ကွန့်မြူးသည်မှာလည်း နိယာမ အစဉ်သဘော ဖြစ်၍ ယခုတိုင်ပင် ဖူးမြင်ကြရပေါသည်။ စေတီတော်မြတ်၏ ဘုန်းဒိဗ်လာသော အစိန္တေယျကား ကြည်ညိုဖွယ် ကောင်းလေစွ တကား။

စေတီတော်ကို မိုးကြိုးခ၍ ပျက်စီးခဲ့လေသော် နာယက ဆရာတော်တို့သည် ကျေးဟောကြီး အထက်ခိုင်ချောင်းခိုင် ဖြစ်သော စင်းဖုတ်၊ တာလီ၊ ခေါလဲ၊ လမ်းကူး၊ သရက်ချို၊ ကိုင်းရွာ၊ တော်လှန်၊ မြိုင်သာ၊ ပန်းတင်၊ တုံးကောက်၊ မာနှားကြီးရွာစသော ကျောင်းတိုင်ဆရာတော်များနှင့်တကွ ရပ်ရွာဒါယကာ ဒါယိကာမအပေါင်းတို့အား ပျက်စီးနေသော စေတီတော်မြတ်ကို ပြုပြင်ကြရန် တိုင်ပင်ကြလေသည်၊

ဤကဲ့သို့ တိုင်ပင်ညီညွတ်ကြပြီးသော် ရှေးဆရာတော် များနှင့် ဒါယကာများတို့သည် တောဒ်ကတုံးဘုရား၌ အသုံး ပြုကြရန် စင်းဖုတ်ရွာတွင် ပြုလုပ်ထားသော အုတ်များကို

တောင်ကတုံးဘုရားသို့ ခရိုင်သူ ခရိုင်သားတို့အား ပို့ဆောင်ကြစေ၍ ထုံး၊ သဲ၊ ဘိလပ်မြေတို့ကိုလည်း တောင်ပေါ်သို့ တင်ဆောင်စေပြီးလျှင် အလုံးစုံ ပြည့်စုံလေသော် ပန်းရန် အလုပ်သမားများငှါးပြီး သက္ကရာဇ် ၁၃၁၀-ခု နယုန်လပြည့်ကျော် ၁-ရက်၊ တနင်္ဂနွေနေ့တွင် နာယက ပန်းတင်ဆရာတော် မံနားကြီး ဆရာတော်တို့နှင့် ဦးအာဒိစ္စ (ယခု ဖောင်လှန် ဆရာတော်)တို့သည် ယခုသမိုင်းစာရေးသားသူ စသော တပည့်များစွာနှင့်တကွ ပန်းရံသမားတို့ပါ တောင်ပေါ်သို့တက်ကြ၍ စေတီတော်မြတ်ကြီး ပျက်စီး နေသည်ကို ပြုပြင်ခြင်း၊ ရုပ်ပွားတော်ကြီး ကိန်းဝပ်တော်မူသော ဂန္ဓကုဋီ တိုက်တော်ကို ပြုလုပ်ခြင်း၊ အာရုံခံအတွင်း သမံတလင်းခင်းခြင်း ဤသို့သော ကိစ္စရပ်များကို ခရိုင်သံဃာ၊ ဒါယကာ၊ ဒါယိကာမ တို့၏ အကူအညီဖြင့် ကိစ္စပြီးစီးအောင်မြင်ကြပြီး ၎င်းနှစ် ဒုတိယ ဝါဆိုလဆန်း (၁၃)ရက် တနင်္ဂနွေ နေ့တွင် အန္တရာယ်မရှိ ဘေးမထိဘဲ ကာယကျန်းမာ ရွှင်လန်းစွာနှင့်မိမိတို့အမြဲနေထိုင်ရာ ရပ်ရွာဒေသ ဝိဟာရသို့ ပြန်ရောက်ကြလေသတည်း။

(၎င်းနှစ်၌ ဝါငယ်ထပ်သည်)

သက္ကရာဇ် ၁၃၁၀-ခု နှောင်းတန်ခူးလဆန်း (၇)ရက် နေ့တွင် တောင်ခြေရင်း ပွဲခင်း၌ ဘုရားစေတီတော်မြတ်ပူဇော် ပွဲကို ပြုလုပ်ကျင်းပကြလေသည်။

ထိုပွဲတော် အတွင်းမှာပင် စိန်ဖူးတော်အသစ် လှူဒါန်းခြင်း၊ ထီးတော်ကိုလည်း ရွှေအသစ်သပ်မံချခြင်း အစရှိသော ပူဇော်ပွဲတော် ကျင်းပပြုလုပ်ခြင်းတို့ကား နာယက ပန်းတင် ဆရာတော်၊ မံနားဆရာတော်တို့၏ ရှေးဦးအစပထမပေတည်း။

www.dhammaransi.com



ထိုမှ နောက်ဖြစ်သော သက္ကရာဇ် ၁၃၁၁-ခုနှစ်၌လည်း တပေါင်းလပြည့်ကျော် ၂-ရက်နေ့မှ ၅-ရက်နေ့ အထိ စေတီတော်မြတ်ကို ပူဇော်ခြင်းဟူသော ပွဲတော်ပြုလုပ်ပြန်လေသည်။ တပေါင်းလပြည့်ကျော် ၃-ရက်နံနက်တွင်လည်း ဆွမ်းတော်ကြီးကပ်လှူခြင်း၊ နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူ အများ၏ နည်းမျိုးမဟူ ပေးလှူကြသော အလှူဝတ္ထု တို့ဖြင့် ကောင်းမှန်တင့်တယ် လွန်းဆန်းကြယ်သော မကိုဋ်တော် စလွယ် စုလျားဗုဒ္ဓတန်းဆာတော်ကို ပူဇော်၍ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လှူဒါန်းခြင်းအမှုကို ပြုလုပ်ကြလေသည်။

သက္ကရာဇ် ၁၃၁၂-ခု တပေါင်းလပြည့်ကျော် ၄-ရက်မှစ၍ ၇-ရက်နေ့အထိ စေတီတော်မြတ်ပူဇော်သော ပွဲတော် ကျင်းပပြီးလျှင် ပွဲတော်အတွင်း၌လည်း ရုပ်ပွားတော်မြတ် သီတင်းသုံးတော်မူရာ ပလ္လင်တော်ကို မှန်စီရွှေချခြင်းအမှု ပြုလုပ်လှူဒါန်းပြန်လေသည်။

သက္ကရာဇ် (၁၃၁၃၊ ၁၃၁၄၊ ၁၃၁၅) ခုနှစ်များတွင် ပြည်တွင်းသူပုန်ရန်များကြောင့် ဗုဒ္ဓပူဇော်ပွဲ မပြုလုပ်ရပေ။

ထိုသို့ ၃-နှစ်အဆက်ပြတ်၍ သက္ကရာဇ် ၁၃၁၆-ခုနှစ်တွင် စေတီတော်မြတ်ပူဇော်ပွဲကို ဆက်လက်ကျင်းပရပြန်လေသည်။ ၁၃၁၇-ခုနှစ်၌လည်း ပွဲတော်ကို ကျင်းပပူဇော်ရမြဲဖြစ်သည်။

www.dhammaransi.com



သက္ကရာဇ် ၁၃၁၈-ခုနှစ်တွင် ပွဲတော်နှင့်တကွ ဗုဒ္ဓ ရုပ်ပွားတော်မြတ်၏ ဂန္ဓကုဋိတိုက်တော် မုခ်ဝ၊ သံတံခါးကြီးကိုပါ လှူဒါန်း၍ (၁၃၁၉ = ၁၃၂၀) ခုနှစ် များတွင်လည်း ပွဲတော်ကို ဆက်လက်ကျင်းပရမြဲ ဖြစ်လေသည်။

သက္ကရာဇ် ၁၃၂၁-ခုနှစ်တွင်မူ ပွဲတော်နှင့်တကွ အာရုံခံ အသစ်တဆောင် ဆောက်လုပ်လှူဒါန်းသည်။

သက္ကရာဇ် ၁၃၂၂-ခုနှစ်၌ ပွဲတော်အတွင်း အလှူခံငွေ သေတ္တာပြုလုပ်၍ ထိုနှစ်မှစပြီး တပေါင်းလပြည့်ကျော် ၅-ရက် နေ့ကို နှစ်စဉ် ပွဲတော်ရက်အဖြစ် နာယက ဆရာတော်များက အတည်ပြု သတ်မှတ်ကြလေသည်။

သက္ကရာဇ် ၁၃၂၃-ခုနှစ်တွင် အာရုံခံ အသစ် တဆောင် ဆောက်လုပ်၍ သမံတလင်း ခင်းခြင်း၊ အာရုံခံ အဟောင်း၌ ပျက်စီးနေသော သမံတလင်းကို ပြုပြင်ခြင်း တို့ကို ပြုလုပ်လေသည်။

သက္ကရာဇ် ၁၃၂၄-ခုနှစ်တွင် စေတီတော်မြတ်ကြီးကို ရွှေသင်္ကန်းတော် ဆိုင်းရေ (၁၀၀) ဆက်ကပ် လှူဒါန်းသည်။ အထက်ထီးတော်အောက်မှ ဖေါင်းရစ်ပြည့်အောင် ရွှေသင်္ကန်း ရောက်သည်။

၄င်းနှစ် မတိုင်မီ လွန်ခဲ့သော ရှေးနှစ်များတွင် စေတီတော် မြတ်ကြီးကို မကြာမကြာ မိုးကြိုး ခတ်တတ်သည်။ ထို့ကြောင့် သက္ကရာဇ် ၁၃၁၀-ခုပြည့် နှစ်က အသစ် ထပ်မံ

www.dhammaransi.com



တင်လှူထားသော စိန်ဖူးတော်မှာ တတိယ အကြိမ် မိုးကြိုးဒဏ်ကြောင့် မြေသို့ရောက်ရပြန်တော့သည်။ ဤအကြိမ်၌ စေတီတော်မှာများစွာ မပျက်စီးတော့ပေ။ စိန်ဖူးတော်ကိုလည်း ယခုတိုင်အသစ်ထပ်မံ မတင်သေးပေ။ စေတီတော်ကိုရွှေသင်္ကန်း လှူဒါန်းပြီးသည့် အခါမှစ၍ ယနေ့ထက်တိုင် မိုးကြိုးမပြစ်တော့ပေ။

သက္ကရာဇ် ၁၃၂၈-ခုနှစ် ပွဲတော်တွင်း၌ စေတီတော်မြတ်ကြီးကို ရွှေဆိုင်းရေ (၁၀၀) တရာ လှူဒါန်းပြန်သည်။

သက္ကရာဇ် ၁၃၂၉-ခုနှစ် တွင်လည်း ပွဲတော်ကို ကျင်းပပူဇော်မြဲဖြစ်၍ ၁၃၃၀-ခုနှစ်၌လည်း ပွဲတော်နှင့်တကွ ရွှေဆိုင်းရေ (၆၀) ခြောက်ဆယ် လှူဒါန်းပြန်သည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အစီအစဉ်ဖြင့် (ငွေတောင်)ခေါ်တောင်ကတွင်း ပွဲတော်သည် နှစ်စဉ် တပေါင်း၊ လပြည့်ကျော် (၅)ရက်တွင် အတည်အမြဲဖြစ်ခြင်း၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက်၊ တပေါင်းလပြည့်ကျော်(၇)ရက်နေ့များတွင် အစဉ်မပျက် ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်ခြင်း အစရှိသော ကိစ္စအဝဝတို့ကို နာယကဆရာတော်များ ဦးဆောင်သော ကျေးတောကြီး အထက်ခရိုင်၊ ချောင်းခရိုင် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည် စည်းလုံးညီညာ စေတနာဖြင့် ဝမ်းပန်း တသာ အစဉ်ထာဝရပြုလုပ်ကြခြင်းမှာ ယနေ့ထက်တိုင် သတင်းလှိုင်၍ ပျံ့ကြိုင်ထုံမွေးလျက် ရှိပါတော့သတည်း။

www.dhammaransi.com



# နိဂုံး

တြို့ရတနံ ဂုဏ်ပေါင်းလျှံသား၊ ဆယ်တန်ပာတ္တာ ကြွင့်လွှာဖြင့် သဒ္ဒါစွေဖြိုး ဦးထိပ်မိုး၍ ရှိခိုးပြီးခါ သမိုင်းစာကို ဖွေရှာစုံစမ်း၊ မေးမြန်းသွယ်သွယ် သိမ်ဝယ်ကျောက်စာ တဖြာ တကြောင်း၊ ခေါင်းလောင်းကမ္ပည်း၊ မံ့နှားကြီးမည် ဆရာထေရ်၏၊ ရေးသည်မှတ်တမ်း စာငွေပန်းကို မှိုင်ငြမ်းပြုခါ ဤကျမ်းစာကို ဂိမ္ဘာရာသီ၊ နွေပိ၍လာ နှစ်ကောဇာကား၊ အောင်စာစမ်းအိုင်၊ ၁၃၃၁-ခု နယုန်တိုင်မှဆုတ်ပက္ခတွင်ဒွါဒသ (၁၂) မြောက်နေ့ရောက် ဆင်မှတ် ၄-ဟူး၊ စက်မြတ်ခါမို၊ နံနက်ဆိမ့်၊ နာရီငါးခုါ၊ စွန်းမှုမိနစ်လေးဆယ်ဖြစ်ဝယ်၊ ရေးသွယ် သီကုံး၊ ပုတီးလုံးသွင်၊ စာပလ္လင်ကို အောင်မြင်ပြီးဆုံး နိဂုံး ခါးပတ် အပြီးသတ်သည် သိမှတ်နှောင်လာ အများတည်း။

www.dhammaransi.com



# ယခု ဆောင်ရွက်လျက်ရှိသော နာယက ဆရာတော်များ

၁။ ပန့်တင်ကျောင်းတိုက်ဆရာတော် ဦးနန္ဒိယ။

၂။ မံနှာကျောင်းတိုက်ဆရာတော် ဦးကောဝိဒ။

၃။ တော်လှန်ကျောင်းတိုက်ဆရာတော် ဦးအာဒိစ္စ။

၄။ လှမ်းကူးကျောင်းတိုက်ဆရာတော် ဦးစန္ဒာဘာသ

၅။ ခေါ်လဲကျောင်းတိုက်ဆရာတော် ဦးသုဝဏ္ဏ။

၆။ စင်းဖုတ်ကျောင်းတိုက်ဆရာတော် ဦးသြဘာသ။

၇။ တာလီကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိတ။

၈။ ဝိသာခကျောင်းတိုက်ဆရာတော် ဦးနန္ဒန။

www.dhammaransi.com

# နောက်ဆက်တွဲ

## ဘုရားဖြစ်တော်စဉ် အစ္စုပ္ပတ်တော်အကျဉ်း ရှစ်လုံးဘွဲ့

၁။ သခ်ျေလေးရပ် တသိန်းကပ်မှာ
ဒီပင်ထံရင်း ဝတ်စင်း၍သာ
မိန့်ဗျာဒိတ်ကြား ဟောထားလေရာ
အင်္ဂါစေ့ ရသေ့သုမေဓာ။

၂။ သုမေဓါမှ ဝေဿန္တိုင်ခါ
ဘဝဇာတ်များ ဖြစ်ပွားခါခါ
နှစ်ကျိပ်လေးပါး ဘုရားထံမှာ
ဒါနမျိုး စိုက်ပျိုးကြဲချလာ။

www.dhammaransi.com



၃။ ဝေဿန်ဘဝ မြန်းကြွတုဿိ
သေတကေတု ခေါ်မှုနာမည်
နတ်အများထက် ပွားတက်ရပ်ရည်
လေးထောင်ဆောင်း နှစ်ပေါင်းစံခဲ့သည်။
၄။ ဗြဟ္မာဒေဝ ညီညဖြာဖြာ
လောင်းတော်ထံရင်း ချင်းနင်းကပ်လာ
တောင်းပန်အများ သနားညှာတာ
အချိန်ကြ ပွင့်မှ တော်မည်သာ၊

## သန္ဓေယူခန်း

၅၊ နတ်ပြည်နန်းမှ မြန်းကြွလေသော်
ကပိလ်ပြည်ကြီး ခမည်းသုဒ္ဓေါ
မာယာကြာခန်း ညာနန်းတောင်ပျော်
အမိရင်း ဖြည့်တင်းပါရသော်။
၆၊ ခြောက်ဆဲ့ခွန်ကြ သက္ကရာဇာ
ဝါဆိုလပြည့် ကြွက်နေ့ဒိနာ
အာသဠ်စန်း ယှဉ်မြန်းသောခါ
သန္ဓေကိန်း ငြိမ့်ဘို့စိတ်ကြံရှာ။

## ဘွားမြင်တော်မူခန်း

၇၊ ဆယ်လတိုင်ကြ မာယာမယာ
ဝေဒေဟာသို့ မြန်းဘို့စိတ်သာ
မင်းထံခွင့်ရ သမ့်လှလှမ်းမှာ
ပြင်ဆင်မှု ငါးခုယူဇနာ၊

www.dhammaransi.com



၈။ ကပ္ပိနန်းမှ မြန်းကြွကာသာ
လုမ္ဗိနီပင်မင်း အင်ကြွင်းဝေဆာ
ကိုင်းခက်ယိုင်နွဲ့ ကိုင်ဆွဲကာသာ
ဘွားချိန်ကြ ကမ္ဘာလှုပ်ရှဲလာ။

၉။ ခြောက်ဆဲ့ရှစ်ကြ သက္ကကောဇာ
ကဆုန်လပြည့် ပူးနေ့ဒိနာ
ကြွယ်ဝိသာခ စန်းလှယှဉ်ခါ
ဘွားမြင်ခြောက် ဘုန်းတောက်တို့ဗုဒ္ဓါ။

၁၀။ ဘွားမြင်ခြောက်ပြီး ဂုဏ်ကြီးမဟာ
ဗြဟ္မာလူနတ် သံဃာရံကာ
ကိုယ့်ပြည်ထံမှောက် ပြန်ဆောယ်လာကာ
ပြည်တော်လုံး အုံးအုံးကြွက်ဆူခါ။

မင်းစည်းစိမ်ကို ခံစားတော်မူခဏ်း။

၁၁။ အရွယ်တော်ရောက် ဆဲ့ခြောက်နှစ်မှန်
ဘုံသုံးဆောင်နန်း စံမြန်းနေပြန်
မောင်းမလေး သောင်းခြောက်ထောင်းဝန်းရံ
ရသော်အား ညာထားအမြဲစံ။

၁၂။ နှစ်ဆဲ့ကိုးနှစ် တွက်စစ်ရောက်လာ
ထောင်ဓရောင်ခြည်လင်း လမင်းသဏ္ဍာ
ရသော်ရွှေနတ် သားမြတ်ဘွားခါ
ရာဟုလှ ခေါ်ကြမည်နာမာ။

www.dhammaransi.com



## တောထွက်တော်မူခဏ်း။

၁၃။ အိုနာသေခဏ်း ရဟန်းအသွင်
ဥယျာဉ်ရှုစား နတ်များဘန်ဆင်
ဝါဆိုလပြည့် ကျားနေ့မှာပင်
သံဝေဂရ နန်းမှတောသို့ဝင်။

၁၄။ နေ့မှာသောင်ကမ်း ရောက်မြန်းလေသော်
ခန္ဒကနှင့် ဆန္ဒညီတော်
ပြန်ချိန်ကြ၍ ခွါကြပါနော်
ခန္ဒက မြန်းကြွနတ်ထီးပျော်။

၁၅။ ဆန္ဒမှာလဲ ငိုပွဲဆင်ရှာ
ခါခါဟစ်ကြွေး ပူးဆွေးသောကာ
နေချင်လျက်နှင့် ပြန်ထွက်ခါသာ
ကပ္ပိနန်း မြန်းရတယောက်သာ။

၁၆။ ရဟန်းပြုပြီး လူ့ထီးဘုရင်
ငါးလီဝဂ္ဂ ခ ယ ပြု၍
နေ့ညဉ့်မလတ် ကျင့်မြတ်ပန်ဆင်
ခြောက်နှစ်မျှ ခဲစွာကျင့်လျက်ပင်။

## ဘုရားဖြစ်တော်မူခဏ်း။

၁၇။ ကျင့်လျက်နေပြီး ဥာဏ်ကြီးမယင်
သမာဓိရှိ မျှညီတူပင်
အလယ်အလတ် ကျင့်မြတ်ကိုဆင်
အိပ်မက်ကြီး ထီးထီးမြင်ငါးအင်။

www.dhammaransi.com



၁၈။ အိပ်မက်အကြောင်း ပြန်ပြောင်းဥာဏ်ဆင်
ညောင်ပင်ခြေရင်း မှီတင်းနေစဉ်
သုဇာတဟု နာမည်တွင်
သားဦးဘွား ထင်ရှားတောင်းဆုပင်။

၁၉။ နတ်ကြီးထင်ရှား သင်လျှားနေစဉ်
ဃနာနို့ဆွမ်း ထုံးမွမ်းကြည်ရှင်
တောင်းဆုပြည့်ရ မုချဤတွင်
ရွှေခွက်တွင်း ထည့်သွင်းလှူလျက်ပင်။

၂၀။ တိသဉ်ကေ–သက္ကရောက်လျှင်
ကဆုန်လပြည့် ဗုဒ္ဓနေ့ဆင်
ဗောဓိပင်ရင်း မြက်ခင်းပလ္လင်
ဘုရားဖြစ် ငါးညစ်မာရ်မျိုးနှင်း၊

ဓမ္မစကြာတရားဟောတော်မူခန်း။

၂၁။ ခုနှစ်ဌာန စေ့ငှတည်နေ
ကိုယ်ကဖြိုးလျှပ် မိုးနတ်ပြဟေ့
သုံးကြိမ်ညွှတ်ခ ပါဒစက်ဇေ့
အမြိုက်ဆေး တိုက်ကျွေးသုံးဝေနေ။

၂၂။ တိသဉ်ကေ ဝါလပုဏ္ဏမေ
နာဂဒိန မိဂဒါဝယေ
ကျေးဇူးရှိပြား ငါးပါးဝဂ္ဂေ
ဓမ္မစက် ဟောမြွက်ချွေချွတ်ပေး။

www.dhammaransi.com



၂၃။ လေးဆယ့်နှင့်ငါး ပိုင်းခြားဝါတွေ
သက်တော်တွက်စစ် ရှစ်ဆယ်ဖြစ်ပေ
တရားစည်ကြီး မည်ဟီးဆော်ထွေ
နိဗ္ဗာန်မြို့ ဆောင်ပို့တို့ဗုဒ္ဓေ။

၂၄။ ဗုဒ္ဓေကိစ္စ ငါးဝကိုသာ
နေ့စဉ်နေ့တိုင်း မဆိုင်း (ပြုရှာ) မိန့်မှာ
လူနတ်အများ သိကြားပြဟ္မာ
ကျွတ်တန်းရ ရေပြမဘွက်သာ။

## ပရိနိဗ္ဗာန် စံဝင်တော်မူခန်း

၂၅။ ပါဝါပြည်သား တိုးပွားသဒ္ဓါ
သံဃာဘော်များ ဘုရားပင့်လာ
ဝက်ပျိုသားနှင့် သားပြွမ်းလှူရှာ
မည်နာမ စုန္ဒဒါယကာ။

၂၆။ သားပြွမ်းသုဉ်းပြီး ဘုန်းကြီးတေဇာ
သေလောက်ပါးနီး အားကြီးဒုက္ခာ
ကုသိနန်းသို့ မြန်းကြွလို့လာ
ဉယျာဉ်တွင်း အင်ကြင်းပင်နှစ်ဖြာ။

၂၇။ ရာလေးဆဲ့ရှစ် သက္ကရာဇ်မှာ
ကဆုန်လပြေ့ ခြောက်သော်ဒိနာ
နိဗ္ဗာန်ရွှေနန်း စံမြန်းလေရာ
ကင်လုံးသိမ့် ခြိမ့်ခြိမ့်ဟစ်ကြွေးပြေား

www.dhammaransi.com



## တေဇောဓာတ် လောင်တော်မူခြင်း

၂၈။ ကဆုန်ဆရက် ဆုတ်ပက်ငါးကြို
ဂဠုန်နေ့မြတ် တေဇောဓာတ်ဟုန်
ပြဟ္မာလူနတ် ခြင်းကပ်စိုင်းအုံ
မွေတော်ဓာတ် ရှက်ရပ်ကြွင်းလို့ပုံ၊

## ဘုရားဖြစ်တော်စဉ် နေ့ခုနစ်ပါး

၂၉။ ကြွက်မြတ်သန္ဓေ ပူးနေ့ဘွားမြင်
တောဝင်ကျွားလှ ဗုဒ္ဓနေ့ဆင်
စက်လျှင်နာဂ သိမ်ဟာစံဝင်
ဂဠုံနေ့ ကြုံတွေ့ တေဇောပင်။

## သတိထား စဉ်းစားဘွယ်

၃၀။ ဂုဏ်တော်ကိုး၀ ကြီးလှသမ္ဘာ
သင်္ခါရတွင်း မကောင်းနိုင်ရှာ
တို့လိုနုံစုတ် ဂုဏ်ယုတ်လူမှာ
မရှိသား စကားဆိုဘွယ်ရာ။

၃၁။ သာသနာ၅နှ၀န်း ထွန်းခိုက်သောခါ
ဒါနသီလ ဘာ၀လုလ္လာ
ခန္ဓာဇာတ်သိမ်း ငြိမ်းဘို့ဘဖြာ
လိုမှုရ ဘ၀ပဒေသာ။

www.dhammaransi.com



၂။ သတိတရား　　　လက်ထားကိုင်နေ
သတိလှက်လွှတ်　　　တောင်ကျွတ်ငှက်ပေ
သေလျှင်ပါယ်သွား　　　တို့များဝေနေ
သတိရှိ　　　မြဲ၏သက်ရှာပေ။

(အရှင်မဏ္ဍလ)

www.dhammaransi.com



၁။ ငါးမာရ်ဇိန | ဗုဒ္ဓထွဋ်တင်
သစ္စာပွင့်လင်း | ဖေါက်ထွင်းသိမြင်
ဂုဏ်တော်ကိုးဝ | ဟတ္ထဆယ်အင်
ဦးထိပ်မိုး | ရှိခိုးပဏာတင်။

၂။ သွက္ခာတာစ | ခြောက်ဝဂုဏ်ဖြာ
ညစ်ကြေးကင်းပ | ဓမ္မခန္ဓာ
ပူဇာရဟ | နေ့ညမကွာ
သက္ကစ္စ | ဦးချဝန္ဒနာ။

၃။ သုပ္ပဋိပန္န | ကိုးဝဂုဏ်ဖြာ
အရိယာယ | အဋ္ဌပုဂ္ဂလာ
မျှော်ကာရည်မှန်း | ရဟန်းသံဃာ
သဒ္ဓါပန်း | ရှင်လန်းကန်တော့ပါ။

၄။ ကိုးဂုဏ်ကျော်ကြား | ဘုရားမြတ်စွာ
လောကသုံးပါး | ထင်ရှားပွင့်လာ
မသိပါငြား | အများသူငါ
မောဟဖုံး | မိုက်ထုံးထိုအခါ။

၅။ လောကမှောင်တိုက် ရှုလိုက်သောခါ
ရာဂသောသော ထူးပြောများစွာ
တရားမဟော ဗုဒ္ဓါသတ္တာ
အကြံပွား ထင်ရှားဖြစ်တော့တာ။

၆။ ထင်ရှားကြံဖြစ် သိလှစ်ဗြဟ္မာ
ဤလောကကြီး ပျက်စီးတော့မှာ
နှလုံးမအေး ပူရေးပိုခါ
လူ့ပြည်တွင်း သက်ဆင်းတော့မည်သာ။

၇။ သဟမ္ပတိ မည်ရှိဗြဟ္မာ
သုဒ္ဓါဝါသ ဘုံကဆင်းလာ
ရှင်တော်ဘုရား တရားမှော
ဟောပါပြော ဝပ်တွားတောင်းပန်ရှာ။

၈။ တောင်းပန်စကား ပယ်ပြောနှစ်ခါ
သုံးခါစေ့ငှ ခွင့်ပြုဗုဒ္ဓါ
တရားဆောင်လင်း ပွင့်လင်းသာယာ
အခါဦး လထူးဝါဆိုပါ။

၉။ ဝါဆိုလပြည့် ကြုံတွေ့ခါမှီ
ဓမ္မာတရား ဟောကြားခဲ့သည်
ပဥ္စဝဂ္ဂီ ပါရှိအတည်
နတ်အပေါင်း ခညောင်းလေတော့သည်။

၁၀။ တိုက်တသောင်းမှ နတ်ပေါင်းဖြာပွာ
ပဥ္စဝဂ္ဂ ငါးဝအာပါ
ဝါဆိုလပြည့် ဟောသည့်နေ့မှာ
ကောဏ္ဍည ဦးစွာကျွတ်တန်းပါ။

၁၁။ ဦးစွာကျွတ်ရေး ကြံတွေးယူပါ
စူဠကာဠ နာမသညာ
အတိတ်ကာလ ဒါနအရာ
ကိုးကြိမ်မျှ ဦးစွာလှူဒါန်းရှာ။

၁၂။ ကိုးကြိမ်ဦးစွာ မြတ်လှစေတနာ
ဘဝနှောင်လဲ စိတ်စွဲခါခါ
သံသာဝဋ်ခန်း ကျွတ်တန်းကြုလာ
ကောဏ္ဍည မြတ်လှထေရ်မဟာ။

၁၃။ မြတ်လှထေရ်မှူ အားပြုကြနော်
ဗုဒ္ဓပွဲဒါ နဝမခေတ်ပေါ်
စူဠကာဠ စံပြပုံဖော်
အလှူဦး ရှင်မြူးပြုဘို့တော်။

၁၄။ သဒ္ဓါရှင်မြူး ကြည်နူးစေရာ
လှူဦးလှူဆဲ ပြီးလဲဝမ်းသာ
မဟာပွဲလ ဒါနအရာ
အင်္ဂုတ္တ ဗုဒ္ဓမိန့်သော်ချာ။

၁၅။ မြတ်ရှင်မိန့်ဟာ ဒါနအရာ
ထင်စွာဖော်ပြ ကျိုးဖလမှာ
ယခုဘဝ ဒိဋ္ဌပေါ်လာ
သရုပ်ခွဲ မှတ်စွဲညှိသို့ပါ။

www.dhammaransi.com



၁၆။ ချစ်ခင်သူများ ထင်ရှားပေါ်လွင်
ဆည်းကပ်ခစား ကျော်ကြားဂုဏ်အင်
မျက်နှာလှပ ဘဝကြည်ရွှင်
နောက်ဘဝ ရောက်ရနတ်ပြည်ပင်။
၁၇။ နတ်ပြည်လူ့ရပ် ဆက်စပ်ခါသာ။
ကျင်လည်တုံ့ပြား စီးပွားချမ်းသာ
ဥစ္စာရွှေအိုး အစိုးပိုင်စွာ
စည်းစိမ်တိုး ကျော်ဟိုးဂုဏ်တေဇာ။
၁၈။ ချမ်းသာကိုပေး မှတ်ရေးတပြာ
နှစ်လုံးပိုက်ထွေး ညစ်ကြေးပယ်ခွာ
သီလာစာရ ကျင့်ကြမြန်စွာ
နေ့စဉ်တိုင်း ညွှတ်ကိုင်းပူအပ်ပါ။
၁၉။ ညွှတ်ကိုင်းပူရ သီလမြတ်မှန်
ဒါနထက်ကဲ ကျော်သဲအလွန်
ဥပေါသထ သုတ္တမိန့်သွန်
ဗုဒ္ဓဟော မှတ်လောသန္ဓဝံ။
၂၀။ သူတော်စဉ်များ မှတ်သားတဖြာ
သီလအကျင့် ကျိုးဖြင့်ထင်စွာ
ဖြစ်ရာဘဝ လှပရုပ်ဝါ
သက်တရာ မချရှည်ကျော်ကာ။
၂၁။ ရာကျော်အသက် ဆက်လက်ခန္ဓာ
ရှည်ကြာသော်လဲ ကင်းမဲ့အနာ
ရောဂါဟူ၍ မြူငွေ့မလာ
ခန္ဓာဆွေး ပျော်ရေးနတ်ဘုံမှာ။

www.dhammaransi.com



၂၂။ သဒ္ဓါပြည့်ဝ ဒါနသီလာ
ပြည်သူအများ ကျိုးစားရှိသာ
သာသနာဆောင်ဝင်း ပွင့်လင်းသာယာ
မြန်ပြည်ရိုး မညှိုးဂုဏ်တော်ဇာ။

၂၃။ တေဇာမညှိုး မြန်မျိုးအပေါ်
အညာဒေသ ဌာနတည်ရာ
ရွှေကူမြို့မှ နဝမိုင်ကွာ
တောမြိုင်လမ်း ဖြောင့်တန်းလှန်သာယာ။

၂၄။ သာယာဖြောင့်တန်း စခန်းမွေချာ
ယောမာတင့်ဆန်း တောပန်းစုံစွာ
သီဘာရေချမ်း စိမ့်စမ်းကြည်စွာ
သူတော်မြန်း ရဟန်းမွေ့လျော်ရာ။

၂၅။ သူတော်မြတ်များ ပျော်ပါးစံရာ
တောင်တော်သည်ကား ထင်ရှားပေါ်လာ
ငွေတောင်ကိုဖုံး ရွှေတုံးထိန်ဝါ
တောင်ကတုံး ရှင်ပြုံးလှန်သာယာ။

၂၆။ သာယာမဆုံး ကတုံးတောင်မှာ
တေဇာရောင်ဖုံး မဆုံးကမ္ဘာ
လူပါနတ်ရော သောသောညံစွာ
ပူဇော်မြှူး အထူးစေတီပါ၊

၂၇။ စေတီတော်မြတ် ဖူးလတ်သူငါ
သဒ္ဓါဆင့်ပွါး စိတ်ထားကြည်စွာ
နတ်ရွာမဂ်လမ်း ဖြောင့်တန်းစေရာ
ကုသိုလ်ဦး အထူးပြုဘိပါ။

www.dhammaransi.com



၂၈။ ကုသိုလ်ရှင်မြူး ကြည်နူးသာယာ
ကြွလာသမျှ မိတ္တာသဟာ
ဘယာကင်းဝေး နှတ်ဆေးပမာ
ဓေစကြောင်း ဆုတောင်းပို့မေတ္တာ။

၂၉။ မေတ္တာအကျိုး ဆဲ့တမျိုးပါ
နေ့ပါညရော ပြန့်ပြောဂုဏ်ဝါ
သူငါကစ များလှသတ္တာ
နေ့စဉ်တိုင်း မဆိုင်းပို့မေတ္တာ။

၃၀။ မေတ္တာပုံပြ သာမဝတီ
မိဖုယားကြီး ခေါင်ထိးအတည်
ဥတေနမင်း များခွင်းလေသည်
မေတ္တာဘက် လက်နက်ပြန်ကဲ့သည်။

၃၁။ ထိုမျှမက ပုံပြလီလီ
ဗုဒ္ဓမိန့်ကြား ထင်ရှားရှိသည်
မယုံမှားနှင့် စိတ်ထားတည်ကြည်
မေတ္တာပို့ မချို့ဂုဏ်တင်မည်။

၃၂။ မေတ္တာတော်ပို့ မချို့ထေရ်ငါ
သိပ်ါဓေစကြောင်း ခွင့်တောင်းသည့်တာ
စာကိုဘတ်ရှု ပြစ်မှုပေါ်လာ
ခွင့်လွှတ်ရေး မဓ့နေးရစေသာ။

၃၃။ ကျွသို့ခွင့်ပြု ရေးမှုကျွစာ
ရှင်လူအများ မှတ်သားစေငှါ
သမိုင်းပေါ်ထွန်း စာညွန်းပေလွှာ
မှတ်ခါထား [redacted]များသိဘို့ရာ။

၃၄။ သမိုင်းအစ　　ဌာနဖွေရှာ
မ်နားကြီးက　　သာစွဒေသာ
အရင်းစစ်တော့　　အမြစ်မြေလွှာ
ထိုသဘော　　စောကြောထင်ပေါ်လာ။

၃၅။ ထင်ပေါ်ရရှိ　　သမုတိဝင်
ကုသိုလ်ရှေးအိုး　　မြုပ်ရိုးအစဉ်
မြန်မာမင်းမြတ်　　နှင်းအပ်ဂုဏ်အင်
မိန့်ဘော်မြတ်　　ပြဿဒ်ကျောင်းကြီးပင်။

၃၆။ ပြဿဒ်ကျောင်းကြီး　　အံ့ချီးမကုန်
နတ်ဘုံနတ်နန်း　　တင့်ဆန်းတစုံ
ရှု၍မဝ　　ဌာနဤဘုံ
ပင်အမျိုး　　မညှိုးစီပင်ပုံ။ (လုံ)

၃၇။ စီးကားသိုက်မြိုက်　　ကျောင်းနှိုက်ရှင်ပျော်
လေးဘော်ယာပထ　　မျှတမွေ့လျော်
အာဒိအစ　　ဆရာ့ဂုဏ်တော်
ခရိုင်တွင်း　　ကြိုင်သင်းပျံ့နှံ့ကျော်။

၃၈။ ခရိုင်ထေရ်မှူး　　ဂုဏ်ထူးဖော်ပြာ
သင်္ခါရပွဲ　　ဆင်နွှဲမကြာ
ကျောင်းတော်ကိုခွဲ　　နတ်ပွဲဘုံမှာ
ဆရာမြန်း　　ကြွလှန်းပျော်ရရှာ။

၃၉။ ကြွလှမ်း၍သွား　　တပါးသိဿာ
အရှင်ဂုဏ　　၎ာမသညာ
ဆရာ့မွေနှစ်　　ထိမ်းလှစ်ပြီးခါ
သာဝခန်း　　ရှင်လန်းမြတ်ဆရာ။

www.dhammaransi.com



၄၀။ ဆရာမြတ်မို့ စိတ်ဓာတ်တည်သည်(ကြည်)
ကြံ့စည်စိတ်ကူး အထူးရှင်ကြည် (ရှိသည်)
ဃမ္မာတည်လတ် အမြတ်ကိုရည်
သိမ်တော်ကြီး ပြီးစီးအောင်မြင်သည်။

၄၁။ ထောင့်နှစ်ရာမြောက် ငါးဆဲ့ခြောက်သာ
ဆီးနှင်းဖွိုင်ကြ ပေဟမန္တမှာ
ပြာသိုလ်လပြည့် ကျော်သည့်အခါ
ခုနှစ်စွန်း ဖြစ်ထွန်းသိမ်တော်သာ။

၄၂။ သိမ်တော်အောင်မှ ကိစ္စတဖြာ
ဗုဒ္ဓရုပ်ပွား တည်ထားသိမ်မှာ
ဉာဏ်တော်မြင့်မား ထင်ရှားတောင်မှာ
ဒွါဒသ လက်မလေးဆယ်ပါ။

၄၃။ ကိစ္စတရပ် ပြီးလတ်သောခါ
နိဗ္ဗာနဓါတ် အမြတ်ကိုရှာ
ဆရာတော်မြတ် ဒြတ်စိတ်မှာ
မပြတ်စိုး မြတ်နိုးလှန်သဒ္ဓါ။

၄၄။ သဒ္ဓါရွှေမိုး သွန်းဖြိုးခါခါ
နေ့စဉ်ရှုစား မြင့်မှားသေလာ
ငွေတောင်ခေါ်ကြ ဌာနတည်ရာ
စေတီမြတ် တည်လတ်စိတ်ဆန္ဒာ။

၄၅။ ဆန္ဒပြင်းပြ ဂုဏဆရာ
တောင်တော်ကိုကြွ မြန်းရခါခါ
ငွေတောင်ပျော်မွေ့ ရသေ့နှင့်သာ
ကြံစည်ကူး ထေရ်မှူးမိန့်သချာ။

www.dhammaransi.com



၄၆။ ကြုံစိစိတ်ကူး နှစ်ဦးဆရာ
တကာအများ မိန့်ကြားရှိသာ
မကြာခင်ပ ကိစ္စပေါ်လာ
အောင်မြင်ရေး မနှေးဆောင်ရွက်ပါ။

၄၇။ ဤသို့အစ ပထမပါ
စေတီငယ်အား တည်ထားပြီးခါ
တကာအများ တိုးပွါးသဒ္ဓါ
တဆင့်ထောက် ပြီးမြောက်အောင်မြင်လှာ။

၄၈။ ထိုမှတဆင့် အားနှင့်ရှိန်ဝါ
တိုးတက်စည်ကား နောက်များမကြာ
စေတီတော်ကြီး ငုံပြီးတဖြာ(ခါ)
အောင်မြင်ရေး မနှေးဆောင်ရွက်လာ။

၄၉။ ဆောင်ရွက်စဉ်ရွေ့ ရသေ့ဆရာ
နတ်ရွာကိုမွေ့ ပြောင်းရွေ့ခန္ဓာ
တကာအများ စိတ်အားငယ်စွာ
သောကမိုး ရွာဖြိုးဖြိုင်ဖြိုင်သာ။

၅၀။ ဖြိုင်ဖြိုင်သောက မီးတမျှကို
ဆရာဂုဏ ဓမ္မရေချို
တိုက်ခါမှိုက်ကျွေး ငြိမ်းအေးစေလို
အမှိုက်ဆေး တိုက်ကျွေးလှန်ပိုမို။

၅၁။ တိုက်ကျွေးဓမ္မ ရသအေးချို
ရှင်လူအများ သောက်စားပြီးကို
ဗုဒ္ဓကိစ္စ များလှထိုထို
လှုလှကျိုး ဆော်နှိုးသဒ္ဓါပို။

၇၂။ သဒ္ဒါပိုပြီး ထေရ်ကြီးဆရာ
ပညာချင့်ထွေး နေ့ဝင်ခရေးမျှော်ခါ
မွှေတောင်ဓာတ်ပေါင်း ကိန်းအောင်းစံရာ
ပေပင်မြတ် တည်လတ်ဆက်ချီသာ။

၇၃။ ဆက်လက်တည်ထုံး ထေရ်ဖုံးဆရာ
ဗျာဒိတ်ရေး ထင်ရှားပေါ်လာ
ယမားပျော့ရုံး ကျကြွားမြန်စွာ
[illegible] [illegible] မလေးတော့ဟာ။

၇၄။ အောင်လှန်တော်လဲ နှင်ပွဲခန္ဓာ
ဆရာထေရ်မြတ် တည်သတ်ပြီးခါ
ဟကာဒသများ အားထားမှီရာ
မရှိတဲ့ ဝိုင်ပွဲဆင်ရရှာ။

၇၅။ [illegible] ဓာသနာကျပါ
[illegible] ဓိဟမျှသာ
လောင်စာအမျိုး မရိုးပိုင်စွာ
သိခပဲ့ ဝေခွဲဦးတော်ယှဉ်သား။

၇၆။ သမ္ဘဉ်နို့ ဝေဘက်မိုးတိုရာ
မိခင်အလား ထင်ရှားပေါ်လာ
ဆရာတပါး အားထားမှီရာ
ဝိဇယ မြတ်လှထေရ်ဟော။

၇၇။ ထေရ်ဝိဇယ ကြီးလှဂုဏ်အောင်
မြတ်ရှင်ဗုဒ္ဓ ကိစ္စပုံပြင်
ဤတွင်သော်မှ ဗုဒ္ဓရှင်ပင်
စေတီကြီး ပြီးစီးအောင်တမြင်။

၅၈။ မွေ့မတော်မာတ်ပေါင်း ကိုန်းအောင်စံပျော်
စေတီတော်ကြီး ပြီးစီးအောင်သော်
လှူရှင်အများ ရှုစားဖူးမျှော်
အားမရ မျှားလှသဒ္ဒါပေါ်။

၅၉။ ဖူးရှုမဝ ဗုဒ္ဓစေတီ
မွေ့သရီမြတ် ညှိုးလတ်ကံမှီ
မာဃသိကြွား စိတ်ထားမကြည်
မိုးကြိုးစက် လက်နက်ဖြိုခွင်းသည်။

၆၀။ မိုးကြိုးစကျ မြေခစေတီ
ရောင်ခြည်တော်ကြူး ကွန့်မြူးကြွချီ
တောအုပ်မြို့မင်း ဖူးခြင်းဆိုသည်
သောမန မြတ်လှသဒ္ဒါကြည်

၆၁။ သဒ္ဒါပီတိ ပြောင်းအိရွှင်ပျော်
ဆယာတော်အား လျှောက်ထားပြီးသော်
ပျက်ပြိုဘုရား ပြင်ငြားထိုရော်
တတိယ ဗုဒ္ဓအဖြစ်မတော်။

၆၂။ ကိုယ်တော်ဘုရား မြင့်မားဥာဏ်တော်
သုံးဆဲ့နှစ်ဝ တောင်မျှချင့်သော်
ဘိုနပ်တော်က နှစ်ဆဲ့လေးကျော်
စေတီယ လောကဖြစ်ထွန်းပေါ်။

၆၃။ သက္ကရာဇ် ကော်ဒွဋ္ဌာ(၁၂၈၈)ခု
စ၍တည်ဖြား နှစ်မျှားမကြာ
ကော်ဒွါဋ္ဌနော(၁၂၈၉) နှစ်ကောဇာမှာ
စေတီယ လောကဥပ္ပန္နာ။

၆၄။ စေတီတော်ကြီး ရွှေထီးသိင်္ဂါ
မန္တလာပုရ ဌာနမြို့မှာ
စေခိုင်းရှိထား နောက်များမကြာ
ကိုယ်တော်အား ဖြစ်ပြားဝေဒနာ။

၆၅။ ဝေဒနာထံသိမ်း ဖြစ်ပြီးမကြာ
ထက်စွာဆေးကောင်း သင့်ကြောင်းကိုရှာ
ဘယ်ဟာမမြဲ ဆင်းရဲဒုက္ခာ
သင်္ခါရပွဲ ခေါ်ဆိုမရဏာ။

၆၆။ မရဏာပွဲ ဆင်နွှဲဆရာ
သက်တော်ချင့်ထောက် လေးဆဲ့ခြောက်မှာ
သိက္ခာဝါကြ ဒွေးဆသင်္ချာ
နတ်အမျှား ခေါ်သွားနတ်တို့ရွာ
(ခြောက်ထပ်ရွာ)။

၆၇။ နတ်ရွာကိုကြွ ဆရာ့အရာ
ပညာသာမိ မည်ရှိသိသာ
သိမ်းပိုက်ခါပ မွှေဖြာဖြာ
ဟောညွှန်မြဲ ဆုံးမတော်ရဲ့ဆရာ။

၆၈။ ထောင့်နှစ်ရာက စွန်းလှနှစ်မှာ
ကိုးဆဲ့ရှစ်ကြ ဆောင်းလအခါ
အေးမြန်နှင်းခဲ တပို့တွဲမှာ
စေတီပွဲ ထီးလဲတင်လှူပါ။

www.dhammaransi.com



၆၉။ ထီးတော်တင်ပြီး　　တသီးကိစ္စာ
ဆရာထေရ်ကား　　ကျိုးစားကြံရှာ
ဘုရားရှေ့မှခ်　　တန်ဆောင်းထုတ်ခါ
ဆင်းတုပွား　　တည်ထားဆန္ဒမှာ။

၇၀။ ဤသို့နှစ်ရပ်　　ကြံလပ်ပြီးခါ
တန်ဆောင်းတော်ကား ဆောက်ပြားမကြာ
ရုပ်ပွားတော်အား　　သုံးပါးစပ်ရာ
ရွှေ၊ ငွေ၊ ကြေး　　လိုရေး ဆောင်ရွက်ပါ။

၇၁။ ပဉ္စည်းစုံမှ　　ခိုင်းရမန္တလာ
မကြာခင်ပ　　ဌာနရောက်လာ
ညီညာခြိမ့်ညောင်း　　အပေါင်းစုံစွာ
အကျိုးပွဲ　　ဆင်နွှဲထိုအခါ၊

၇၂။ ကိုယ်စားတော်တင့်　　ဥာဏ်မြင့်သချာ
လေးတောင်နှစ်မိုက်　　မကိုင်မပါ
ထောင့်သုံးရာ့တစ်　　သက္ကရာဇ်မှာ
ပူဇော်ပွဲ　　ချိမ့်သဲစည်ကားစွာ။

၇၃။ ထိုမှနောက်ဖြစ်　　လနှစ်များစွာ
ထောင့်သုံးရာ့ရှစ်　　ကောဇာနှစ်မှာ
သိဿာတပါး　　သိမ်းပြားမွေပါ
ကောဝိဒ　　မြတ်လှထေရ်ဆရာ။

www.dhammaransi.com



၇၄။ ထိုခါတာလေ ဂုဏာအရာ
နာယကမြောက် တထောက်ရွေ့ပါ
ပန်းတော်ထိုဂိုဏ်း မည်လှိုင်းသာယာ။
ပေါ်လာဦး အထူးဂုဏ်ဝဖြာ။

၇၅။ ထောင့်သုံးရာဖြစ် ကိုးနှစ်ပေါ်လာ
ဒါနတာမျိုး ဆောင်ရှိုးရှိသာ
ထွန်းဆောင်ကြီးနှင့် ရွှောင့်ယိုနှံ့ဝါ
ဂူဇော်ပွဲ ထူးကဲအာပေါ။

၇၆။ ကြာနှစ်တွင်းမှ မိုးလအခါ
မေတ်ဒေဘော်အား မိုးကားညာ
ငွေ့ဒါဝိနင်း ပြစ်ငွင်လေသာ
ဝေဃော တ း ပျက်ပြားနှင်းကြိမ်သာ။

၇၇။ ဆေဝါပျက်ထူး ကုန့်မြူးခရောင်ကြည်
ထူးပြိုင်သူများ စိတ်အားရှင်ကြည်
ဘုယ်သနဘာလဲ စောကျော်ရှာသည်
အမှန်မတွေ့ ရင်ခွေ့နှလုံးမို။

၇၈။ ဤသို့သိပြီး ဦးစီးထေရ်မှာ
ရှင်လူအများ မိန့်ကြားပြီးခါ
ရေးဆရာများ စံသားပမာ
ဆက်လက်ပြီး ဦးစီးဆောင်ရွက်ရှာ။

www.dhammaransi.com



၇၉။ ထောင်သုံးချပြစ်　ဆယ်နှစ်ကျော်မှာ
နယုန်လပြည့်　ကျော်သည့်တစ်သာ
ရှေ့ဘည်ပြား　ဘုရားကိုလှူ
ထိုသည့်နှစ်　ပြီးလှစ်ဝါဆိုသား

၈၀။ ထိုသို့ပြီးမှ　မာဃသနှခါ
တံကူးလဆန်း　စွန်းခန်းသတ္တာ
တောင်တော်ခြေရင်း　ပွဲခင်းတော်မှာ
ပူဇော်ပွဲ　ချိမ့်ညံ့အောင်မြင်ပါ။

၈၁။ ဤပွဲတော်တွင်း　ထင်ပေါ်းကိုဖွာ
ထီးတော်ညီမှိုင်း　ရွှေဆိုင်းကပ်ခါ
စိန်ဖူးတော်သစ်　တင်လှစ်ပြီးပါ
အောင်မြင်ပွဲ　ထူးကဲအစပါ။

၈၂။ ထိုမှနောက်နှစ်　ရောက်လှစ်သောခါ
ပွဲတော်ကိုဘဲ　ပြုမြဲမကျာ
ရှေးနှစ်သော်လဲ　တနဲ့တပြာ
ပလ္လင်လဲ　ရွှေခဲမှန်စီရာ။

၈၃။ ထိုမှနောက်ပြမ်　သုံးနှစ်ချိန်ခါ
ရန်သူပုန်များ　လှုပ်ရှားလေဆာ (နေ)
ပွဲတော်ရပ်နား　ဘုရားတောဇာ
အရောင်ညှိုး　ဝေဖြိုးမရှိပါ။

www.dhammaransi.com



၈၄။ ထောင့်သုံးရာမြောက် တဆဲ့ခြောက်မှာ
နှယ်ပယ်အေးချမ်း ရှင်လန်းသာယာ
ဆက်ခါနောက်နှစ် ပွဲဖြစ်လေရာ
ရှင်လူများ တိုးပွားစေတနာ။

၈၅။ စေတနာသစ် ထွန်းလှစ်သောခါ
နှစ်စဉ်နှစ်ဘိုင်း မဆိုင်းပွဲပါ
ထောင့်သုံးရာတွေး နှစ်ဆဲ့လေးမှာ
စေတီမြတ် ရွှေကပ်ဆိုင်းတရာ။

၈၆။ ထိုနှစ်တွင်မှ မာဃဒေဝါ
ဘယ်လိုကြောင်းချင်း အခင်းမပါ
စေတီတော်မြတ် ပြစ်လတ်စကြာ
စိန်ဖူးလှ မြေခ တတိယာ။

၈၇။ ထိုမှဆက်၍ လပြည့်နှစ်ပေါ်
နှစ်စဉ်ချိန်ကျ ဗုဒ္ဓပွဲတော်
စေတီတော်ကြီး ဆက်ပြီးရွှေလှော်
ဆက်ကပ်ပွဲ ဆိုင်းလဲ နှစ်ဆူကျော်။

၈၈။ ရွှေဆိုင်းကပ်မှ မေဃဒေဝါ
မနာနှစ်လုံး ရှင်ပြုံးကြည်သာ
ခုတိုင်သော်လဲ မခွဲစကြာ
ပွဲတော်လဲ ဖြစ်မြဲနှစ်ဘိုင်းပါ။

www.dhammaransi.com



၈၉။ ပွဲတော်ဖြစ်မြဲ နှစ်စွဲချိန်ခါ
တပေါင်းမာသ ကျော်ထငါးသာ
ထောင့်သုံးရာဖြစ် နှစ်ဆဲ့နှစ်မှာ
ဆုံးဖြတ်ထား မှတ်သားစဉ်အလား။

၉၀။ နှစ်စဉ်လပြောင်း တပေါင်းမာသာ
လဆုတ်ပက္ခ ငါးဝရက်မှာ
လျှပ်စက်ရောင်မှိုး ထိန်ညီးဝေဖြာ
ပွဲတော်ကား စည်ကားသိုက်မြိုက်စွာ။

၉၁။ စည်ကားသိုက်မြိုက် ပွဲဦရှင်လူ
နေ့ပါညရော သောသောညံဆူ
ဒါနသီလ ဓမ္မဉာဏ်ပူ
ဘဝဂ်ခဲ့ တော်လဲသြဘာယူ။

၉၂။ သြဘာသံပေး နတ်ရေးပေါ်လာ
ကြည့်ရှုစောင်မ မခဘေးကွာ
ရှင်လူအများ စိတ်ထားကြည်စွာ
ပွဲတော်ကြီး အပြီးအောင်ပွဲပါ။

၉၃။ ပွဲတော်အောင်ပွဲ အားခဲ၍သာ
နှစ်စဉ်နှစ်တိုင်း မဆိုင်းမကွာ
ပန့်တင်ထိုဂိုဏ်း မည်သျှင်းသာယာ
ခုတိုင်ဘဲ ထူးကဲဂုဏ်ဝေဖြာ။

၉၄။ ဝေမြောဂုဏ်ထူး ထေရ်မှူးဆရာ
ဦးနန္ဒိယ နာမသညာ
မဟာဇေတရုံမြတ် ကြည်ညိုကြည်ပိမကွာ
ခရိုင်တွင်း ကြိုင်ယင်းဂုဏ်ဆတဇာ။

၉၅။ ဝေဇာဂုဏ်မြောက် ချင့်တောက်ဆရာ
ရှေ့နောက်ခဝွဲ ပိုက်စွဲမနာ
နတ်မွှာမင်္ဂလမ်း ညွှန်ခန်းတပြော
စိစဉ်ပြု ဉာဏ်မှုထွန်းပေါ်လာ။

၉၆။ ပေါ်လာသရွေ့ ဉာဏ်ဖြေ့ဆရာ
တပည့်အများ ထင်ရှားရှိတာ
ချီးမြှောက်သဘော မနောထင်စွာ
ကျမ်းစာတန်း ရှင်လန်းရေးခွင့်သာ။

၉၇။ ရေးခွင့်သာ၍ အားဖြေ့ထင်ရင်ပါ
ကျမ်းသို့ကျိုးပန်း ရေးခင်းပြီးပါ
စာရှုသူများ စိတ်ထားကြည်စွာ
သဒ္ဓါပန်း ရှင်လန်းပြည့်စေသာ။

အသျှင်ကောဝိဒတိက္ခ

ဤတွင် နိဋ္ဌိတံ။

www.dhammaransi.com